မိတ်ကားနေ့ပါတ်ပေးသော
mgyoe.com

# ချစ်သူရဲ့ ပါးတစ်ဖက်ကို ခိုးဝှက်သွားတဲ့ တစ္ဆေ

မင်းခိုက်စိုးစန်

တတိယအကြိမ်

mgyoe.com

ငါ့ကို..သတ်ပြီး
ဘဝကို..ယူသွားတဲ့
ကောင်မလေးရေ..
.... လွမ်းတယ်...

ကောင်မလေးရေ .....

ကိုယ်က ... မှော်ဆရာတစ်ယောက်

ဖြစ်ချင်တယ်။

မင်းကို အသစ်တစ်ဖန် ပြန်ဖန်ဆင်းချင်လို့ ......

သောကကင်းတဲ့ ငှက်ကလေးတစ်ကောင်အဖြစ်

ပြောင်းလဲထုဆစ်ချင်လို့ပါပဲကွယ် ......

mgyoe.com

MKS0008
3,000.00KS

mgyoe.com

ချစ်သူ့ရဲ့ပုခုံးတစ်ဖက်ကိုခိုးဝှက်သွားတဲ့တစ္ဆေ၊ မင်းခိုက်စိုးစန်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ၊
စာမျက်နှာ ၂၂၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဓိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇက်တင်ဘာလ၊ တတိယအကြိမ်၊ (ဒုတိယအကြိမ် - ၂၀၁၆၊ စိတ်ကူးချိုချို)
၂၀၀၂ ရွှေအိမ်မှူးစာပေ၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချစ်သူရဲ့ပါးတစ်ဖက်ကို ခိုးဝှက်သွားတဲ့တစ္ဆေ

မင်းခိုက်စိုးစန်

တတိယအကြိမ် ၂၀၂၀

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ငါ့ရဲ့
ချစ်လှစွာသော . . . ကောင်စုတ်မလေးရေ

mgyoe.com

mgyoe.com


ဘုရားသခင်သည်
လူသားတို့၏ ကောင်းကျိုးအလို့ငှာ
ချစ်ခြင်းကို ဖန်ဆင်းတော်မူသည်။

မာရ်နတ်သည်
ကျွန်တော်၏ နာကျင်ကြေကွဲရခြင်းများ အလို့ငှာ
'သူမ'ကို ဖန်ဆင်းတော်မူခဲ့လေသည်။

mgyoe.com

mgyoe.com


ချစ်ခြင်းတွေ ဖွဖွနမ်းကာ တသသလွမ်းရသော သံယောဇဉ်များကို အလိုမရှိပါ။ ဖြစ်နိုင်မည်ဆိုပါလျှင် နှင်းဆီပန်းတစ်ခင်းကိုသာ အလိုရှိပါသည်။

ကျွန်တော့်အိပ်ခန်းထဲတွင် ရွှေငါးကလေးတွေ ကူးခတ်နေသည့် ရေကန်တစ်ကန် ထားချင်သည်။ ပိုးသားပဝါလို ပါးလွှာနူးညံ့သည့် အတောင်ပံများပါရှိသော လိပ်ပြာတွေ မွေးမြူထားချင်သည်။ အိပ်မက်ရနံ့တွေ ဆွတ်ဖျန်းထားသည့် နှင်းဆီပန်းတစ်ခင်းကို စိုက်ပျိုးကာ အဲသည် နှင်းဆီပန်းတွေကို ချစ်သူ၏အမည်နာမတော်ဖြင့် မှည့်ခေါ် ကင်ပွန်းတပ်လိုပါသည်။

သို့ရာတွင် . . .

အဆိုးရွားဆုံးလွဲချော်မှုမှာ ကျွန်တော့်ချစ်သူ၏အမည်ကို ကျွန်တော်ကိုယ်တိုင် အသံထွက်မှန်အောင် မခေါ်တတ်ခြင်းပင် ဖြစ်ပါသည်။

*

(သူမက သိပ်လိုလိုလားလား ခွင့်ပြုခဲ့ခြင်းမဟုတ်သည့်တိုင်) ကျွန်တော်ကတော့ သူမနာမည်နှင့် အနီးစပ်ဆုံး အသံထွက်ဖြစ်သည့် "ရေး (Ray)"ဟူသော စကားလုံးကို ကျွန်တော် တစ်ဦးတည်း သီးသန့်ခေါ်ဝေါ်စရာ ချစ်သူအမည်အဖြစ် သတ်မှတ်ထားခဲ့သည်။

Ray ဆိုသည်မှာ မြန်မာဘာသာစကားအားဖြင့် "အလင်းတန်း

mgyoe.com

mgyoe.com

ကလေး"ဟု အဓိပ္ပာယ်ရ၏။ သူမသည် ကျွန်တော့်ရှင်သန်မှု၏ အလင်းတန်းကလေးဖြစ်သည်။ သူမသည် ကျွန်တော့်အိပ်စက်ခြင်းများကို ပိုင်စိုးသော ညနတ်သမီးလည်းဖြစ်သည်။ သူမသည် ကျွန်တော့် သစ်ရွက်ကြွေများအတွက် ဆောင်းဦးနှင်းစက်ကလေးလည်း ဖြစ်သည်။ သူမသည် ကျွန်တော့် အသက်ရှူသံများ၏ နာကျင်ခြင်းဝေဒနာလည်း ဖြစ်သည်။

သူမသည် ကျွန်တော့် လက်ဖဝါးပြင်ပေါ်မှ အသက်လမ်းကြောင်းကလေးလည်း ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

# နိဒါန်း

သူမသည် ကြောက်စရာကောင်းလောက်အောင် မိုက်မှောင်နက်ရှိုင်းသည့် လျှို့ဝှက်ချက်တစ်ခုကို ရင်ထဲတွင် သိမ်းဆည်းထားသော မိန်းမတစ်ယောက်ဖြစ်သည်ဟု ကျွန်တော်ထင်၏။

တစ်ခါ တစ်ခါ ဘာမှအရေးမကြီးသော ကိစ္စ အသေးအဖွဲလေးများနှင့် ပတ်သက်ပြီး ကျွန်တော်နှင့် သူမကြားတွင် ပြဿနာဖြစ်ရတိုင်း ကျွန်တော့်သံသယသည် ပိုပြီး ခိုင်မာလာ၏။

မင်းစိတ်ကို ဘယ်လိုအိပ်မက်ဆိုးတွေက ဖုံးလွှမ်းအုပ်မိုးထားသလဲ . . .၊ ကျေးဇူးပြုပြီး ငါ့ကို ပြောပြစမ်းပါ ကောင်မလေးရယ် . . .

မေ့ကျန်ရစ်ခဲ့သော ဝါကျတစ်ကြောင်းကို ရွတ်ပြရဦးမည်။

သူမသည် အနက်ရောင်မျက်နှာဖုံးတစ်ခုလည်း ဖြစ်ပါသည်။

*

ဘွဲ့နှင်းသဘင်လမ်းမနှင့် စီးပွားရေးတက္ကသိုလ်ထဲသို့ အဝင်လမ်းတို့ဆုံရာနေရာ အရောက်တွင် သူမနှင့် ကျွန်တော် ပြဿနာတစ်ခုခုတော့ ဖြစ်ရဦးတော့မည် ဟူသည့် အတွေးက အလိုလို ပေါ်လာ၏။ (ဘာကြောင့် အဲသည်လိုခံစားရမှန်းတော့ ကျွန်တော့်ဘာသာ ကျွန်တော်လည်း မသိပါ။)

mgyoe.com

mgyoe.com


"ရေး (Ray) . . .ဘယ်ကိုသွားမှာလဲ၊ အဓိပတိလမ်းဘက်က ထွက်မလား၊ ဒီဘက်ကပဲထွက်ပြီး လှည်းတန်းကို ကားပြန်စီးမှာလား"

သူမက ကျွန်တော့်ဘက် ဆတ်ခနဲလှည့်ကြည့်၏။ ဘုရားရေ… မင်းဆီက ဘယ်လို ကိုးရိုးကားယား တုံ့ပြန်စကားမျိုး ကြားရဦးမှာလဲကွယ်။ (လမ်းဆုံလမ်းခွတစ်ခုကို ရောက်တိုင်း ကျွန်တော် ရွေးချယ်သည့်လမ်းနှင့် ဆန့်ကျင်ဘက်ကို သူမက တမင် ရွေးချယ်တတ်သည်။ ဘယ်တုန်းကမှ လည်း သူမကို နိုင်အောင် ကျွန်တော် မငြင်းခုံနိုင်ခဲ့ပါ။ ထို့ကြောင့် နောက်ပိုင်း တွင် သူမ အဆုံးအဖြတ်ကိုသာ နားထောင်တတ်ရန် ကျွန်တော် ကျင့်သား ရလာခဲ့၏။)

ကျွန်တော်၏ ချစ်လှစွာသော ကောင်စုတ်မလေးသည် တခြားသူ တစ်ယောက်၏အဆုံးအဖြတ်ကိုခံယူဖို့ ဘယ်တုန်းကမှ နှစ်လိုခဲ့သူ မဟုတ် ပါ။ အဲသည် ကောင်စုတ်မလေးသည် ကိုးလိုးကန့်လန့်နိုင်လှသော နတ် ဒေဝတာတစ်ပါး ဖြစ်ပါသည်။

သူမက ကျွန်တော့်ကို ဆတ်ခနဲ လှည့်ကြည့်ပြီး တစ်စုံတစ်ခု ပြော ရန် ဟန်ပြင်သည်။ နောက်မှ . . .ခေါင်းကို ခါယမ်းလိုက်ပြီး

"ကိုငြိမ်းတေဇ မလိုက်ခဲ့နဲ့တော့၊ ကျွန်မ ဒီညနေ လှည်းတန်းဘက် ထွက်ဖြစ်မှာမဟုတ်ဘူး၊ တခြားသွားစရာတစ်ခုရှိလို့"

ကျွန်တော် အံ့သြသွားသည်။ ဘာဖြစ်လို့ ရုတ်တရက်ကြီး စိတ် ပြောင်းသွားရတာပါလိမ့်။

"ရေး (Ray)ဘယ်သွားမလို့လဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

သေလိုက်စမ်းကွာ . . .ငါဆိုတဲ့ကောင်ကလည်း ဟောဒီလို မိန်းမ တစ်ယောက်ကိုမှ ဘာကြောင့်များ သည်လောက်တောင် ကျိုးနွံနေမိပါလိမ့်။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အနည်းငယ် ဒေါသဖြစ်သွား၏။

"ကိုငြိမ်းတေဇက . . . ကျွန်မ သွားချင်တဲ့ဆီ တကယ်လိုက်ပို့ပေး မှာလား"

"အင်း . . .တကယ်ပြောတာ၊ လိုက်ပို့မှာပေါ့"

ဟော . . .ကြည့်စမ်း၊ ငါ ပျော့ညံ့သွားမိပြန်ပြီ။

နောင်တကင်းမဲ့စွာဖြင့် ကျွန်တော်က ထပ်ပြောလိုက်မိ၏။

mgyoe.com

mgyoe.com


"ပြောလေ . . . ရေး (Ray) ဘယ်သွားချင်လို့လဲ"
"ငရဲပြည်ကို သွားချင်တယ် . . . လိုက်ပို့"

*

ကြည့်စမ်း၊ အဲသည် ကောင်မလေးကို ဘောလုံးကန်သလို မြေကြီးပေါ်လိမ့်လိမ့်ပြီး ကန်ပစ်လိုက်ချင်စိတ် ပေါ်လာ၏။

"ငရဲပြည်ကိုတော့ ငါ လိုက်မပို့နိုင်ဘူး၊ နင့်ဘာသာ နင်ပဲသွား"

"ဟင်း . . .တွေ့လား၊ တကယ်လည်း လိုက်မပို့နိုင်ဘဲနဲ့"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ၊ စိတ်တင်းကျပ်စွာဖြင့် ခဏမျှ ငိုင်နေမိ၏။ သူမက . . .

"ကဲ . . .ကိုငြိမ်းတေဇ . . . နေခဲ့တော့နော်၊ ကျွန်မ သွားမယ်၊ မနက်ဖြန်ကျမှ ပြန်ဆုံကြတာပေါ့"

"နေဦး . . .ဘယ်နေရာကိုသွားမှာလဲဆိုတာ ကိုယ့်ကို အရင် ပြောဦး"

"သြော် . . .ခက်နေပါပြီ၊ ရှင့်ကို တမင်မသိစေချင်လို့ ထားရစ်ခဲ့တာပေါ့၊ ဒါလောက်လေးတောင်မှ သဘောမပေါက်ဘူးလား"

သူမ၏ အကြည့်နှင့်လေသံက နတ်ဆိုးတစ်ပါး၏အစွယ်တွေလို မာကျောချွန်မြည့်နေမှန်း ကျွန်တော် သတိပြုလိုက်မိသည်။

မင်း . . . ဘယ်ကိုသွားမှာလဲ၊ ဘာဖြစ်လို့ ငါ့ကို မသိစေချင်ရတာလဲ၊ ဘာဖြစ်လို့ လျှို့ဝှက်ချက်တွေ များလွန်းနေရတာလဲ ကောင်မလေးရယ် . . .။

ရှည်သွယ်ချွန်မြသော ဝါးရွက်စိမ်းစိမ်းတွေ၊ အဝါရောင်ပန်းပွင့်တွေ ကြွေကျနေသည့် ဘွဲ့နှင်းသဘင်လမ်းကလေးအတိုင်း သူမ ကျောခိုင်းထွက်ခွာသွားသည်။

နာကျင်နေသော ပဟေဠိပုစ္ဆာများနှင့်အတူ ကျွန်တော်တစ်ယောက်တည်းသာ ရပ်တန့်ကျန်ရစ်ခဲ့၏။

ရွှေရောင်ညနေခင်းတစ်ခု ပြိုလဲကျလာခဲ့သည်။

သူမ၏နောက်ကျောကို ကျွန်တော် ငေးကြည့်နေဖြစ်ဆဲ . . .

mgyoe.com

mgyoe.com


ဆည်းဆာထဲတွင် သူမ၏အရိပ်က ရှည်လျားလှသည်။

. . . . . . . . .

ဩော် . . .

နေရောင်ကို မျက်နှာမူလိုက်ရင် အရိပ်ဆိုတာ နောက်မှာ ကျန်နေရစ်ခဲ့ရတာပဲ မဟုတ်လား . . .။

ကောင်မလေးရေ . . . မင်းရဲ့အရိပ်တွေနဲ့အတူ ကိုယ့်ကို မင်းနောက်မှာ ထားရစ်ခဲ့ပေါ့။

သူမနှင့် ကျွန်တော် စတင်ဆုံဆည်းသည့် ညနေကလည်း ဟောသည်လမ်းကလေးပေါ်က ညနေဖြစ်သည်။ အရိပ်တွေကလည်း ယခုလိုပင် အသုဘအလောင်းကောင်တွေဆန်ဆန် ရှည်လျားအေးစက်စွာ လဲလျောင်းနေကြပြီး ဝါးရွက်စိမ်းစိမ်းတွေ၊ အဝါရောင်ပန်းပွင့်တွေကလည်း အခုလိုပင် ကြွေကျနေခဲ့ကြသည့် ညနေခင်းဖြစ်ခဲ့လေသည်။

❑

mgyoe.com

mgyoe.com

# အပိုင်း (၁)

# ချစ်သူ

mgyoe.com

mgyoe.com


ကြည့်ကြ ! ဟောဒါ . . .
ငါ့ရဲ့ ချစ်လှစွာသော ကောင်စုတ်မလေးဖြစ်ပေရဲ့ . . .
ဘဝကို
'ပေါ့ပေါ့ပါးပါး'ခံယူလိုက်ပုံများ
မြင်လား! သူမ တစ်ကိုယ်လုံးတောင်မှ
'ပါး'ပြီး 'ပေါ့'နေတဲ့ပုံ
(အဲဒီကောင်စုတ်မလေးက)
'မျှော်လင့်ချက်'ဆိုတာကိုလည်း အယုံအကြည်မရှိပေဘူး၊
နောက်ပြီး . . .သူမက
'အရူး'နဲ့ 'နတ်ဘုရား'တွေကိုလည်း
အတူတူလို့ သဘောထားတတ်သေး . . .။
အဲဒီကောင်စုတ်မလေးပေါ့ !!!
ဘဝဟာ . . .
ဝမ်းနုတ်ဆေးတစ်ခွက်လောက်တောင်မှ
အာမခံချက်မပေးနိုင်ဘူးလို့ ယူဆ
(အဲဒီ သူမက)
လမ်းမှာ မကြာခဏ ပြုံးပြတတ်သူတွေကိုလည်း
အာရုံကြောရောဂါရနေတယ် . . .လို့ လှောင်တတ်သူ . . .

❑

mgyoe.com

mgyoe.com

## အခန်း (၁)

သူမနှင့် ကျွန်တော် ပထမဦးဆုံး ဆုံဆည်းရာ ညနေသည် မိုးဥတု တစ်ခုကို ခင်းကျင်းထားသည့် ညနေဖြစ်ပြီး ပြက္ခဒိန်ထဲတွင်တော့ တနင်္လာနေ့ ဖြစ်နေ၏။

မည်သို့ပင်ဆိုစေကာမူ အဲသည်နေ့သည် သိပ်ပြီး ထူးခြားလွန်းနေသော နေ့တစ်နေ့တော့ မဟုတ်ခဲ့ပါ။

ဘွဲ့နှင်းသဘင်လမ်းကလေးသည် မိုးရေဖြင့် စိုစွတ်သန့်စင်နေ၏။ မုတ်သုန်လေပြည်တိုက်သောကြောင့် ဝါးရုံပင် ယိမ်းနွဲ့သည်ကို မြင်ရ၏။ ပါးလွှာကြည်လင်နေသော လေထုသည် မိုးငွေ့ကြောင့် လတ်ဆတ်စွာ အေးမြနေလေသည်။

ကျွန်တော် ရှေ့အတော်လှမ်းလှမ်းတွင် ဒဿနိက စာသင်ဆောင်များနှင့် မျက်နှာချင်းဆိုင် စီးပွားရေးတက္ကသိုလ်ခြံဝင်းအစပ်လောက်ဆီမှ လမ်းလျှောက်လာနေသော ကောင်မလေးတစ်ယောက်ကို တွေ့ရ၏။

တကယ်ဆိုလျှင် ပိုးဟပ်ဖြူကလေးတစ်ကောင်လို၊ ကဗျာစာအုပ် ပါးပါးလေးတစ်အုပ်လို ဖျော့တော့အားနည်းပုံပေါ်နေသည့် ကောင်မလေး တစ်ယောက်ကို ဂရုတစိုက် ကြည့်မိစရာ ကျွန်တော့်မှာ ဘာအကြောင်းမှ မရှိပါ။ (သူမက သိပ်လှပသော မိန်းကလေးတစ်ယောက်မဟုတ်။)

သို့သော် . . .သူမ၏မျက်နှာထားဟန်ပန်နှင့် လမ်းလျှောက်ပုံက

mgyoe.com

mgyoe.com


သိသိသာသာ ထူးခြားနေ၏။

"ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"

ဟု စစ်ကြေညာထားသည့် မျက်လုံးများနှင့် ခြေလှမ်းများဟု ကျွန်တော့်စိတ်ထဲတွင် အလိုလို ခံစားသိဖြင့် သိနေဖြစ်၏။

(သူမနှင့် သိကျွမ်းရင်းနှီးသွားပြီးသည့်နောက်တွင်မှ သူမသည် တကယ်ပင် လောကကို စစ်ကြေညာထားသည့် မိန်းမတစ်ယောက်ဖြစ်မှန်း သေချာသွားခဲ့သည်။)

တခြားမိန်းကလေးတွေလို လမ်းပေါ်တွင် သေသေဝပ်ဝပ် ဣန္ဒြေရရ လျှောက်လာခြင်းမဟုတ်။ လမ်းပေါ်တွင် တွေ့သမျှ ခဲလုံးများ၊ သစ်ကိုင်းခြောက်ငယ်များကို ဘောလုံးကန်သလို ဟိုကန်သည်ကန် လုပ်ရင်း လျှောက်လာနေခြင်း ဖြစ်၏။

အရွယ်က မကြီးမငယ်နဲ့ တော်တော်ဆော့တဲ့ကောင်မလေးပဲ ဟု ကျွန်တော့်စိတ်ထဲမှ တီးတိုးရေရွတ်ပြန်သည်။

*

ထိုစဉ် . . .

သစ်ကိုင်းခြောက် ခပ်ကြီးကြီးတစ်ခုကို အားရပါးရ လွှဲကန်လိုက်ရာမှ အရှိန်လွန်သွားပြီး ပလက်ဖောင်းစွန်းကို ဖိနပ်ထိပ်ဖြင့် ခတ်လိုက်သလို ဖြစ်သွားသောကြောင့် ဖိနပ်ပြတ်သွား၏။

ကျွန်တော် စိတ်ထဲက ကျိတ်ဝမ်းသာသွားသည်။

ကောင်းတယ် . . . ဆော့ချင်ဦးလေ။

ချက်ချင်းလိုလိုပင် . . . ဩော် . . . ဒီကောင်မလေး ရှက်သွားရှာရော့မယ်ဟူသည့်အတွေး ပေါ်လာသောကြောင့် ကျွန်တော် မျက်နှာ လွှဲလိုက်၏။

သူမကို မကြည့်ဘဲ တည့်တည့်ဆက်လျှောက်လာရင်းမှာပင် စိတ်ထဲက ဒီပြဿနာကို သူမ ဘယ်လိုဖြေရှင်းလိမ့်မလဲဟုလည်း သိချင်နေသည်။ ဖျတ်ခနဲ . . . ကျွန်တော့်အကြည့်က သူမဆီ ရောက်သွား၏။

အဲသည်ကောင်မလေးကတော့ ခပ်တည်တည်ပင် ကျန်သော

mgyoe.com

mgyoe.com


ဖိနပ်တစ်ဖက်ကိုပါ ချွတ်ပြီး လမ်းဘေးသို့ လွှင့်ပစ်လိုက်၏။ နောက်ပြီး ဘာကိုမှ ဂရုမစိုက်သည့် မျက်နှာထားမျိုးဖြင့် ခြေဗလာသက်သက် ဆက်လျှောက်လာလေသည်။

*

ဘုရားရေ . . . ဘယ်လိုမိန်းမပါလိမ့်။ တက္ကသိုလ်ထဲတွင် ဖိနပ် မပါဘဲ လျှောက်သွားနေသည့် မိန်းကလေးမျိုးကို ကျွန်တော် တစ်ခါမှ မကြုံဖူးပါ။

သူ့ကျောပိုးအိတ်သေးသေးလေးထဲမှာ ဖိနပ်ကို တွယ်စရာ ချိတ် ဖြစ်ဖြစ်၊ အပ်ဖြစ်ဖြစ် တစ်ချောင်းတလေတောင် မပါဘူးလား . . .ဟု ကိုယ့် ဘာသာကိုယ် စိတ်ထဲက မေးခွန်းထုတ်ကြည့်နေဖြစ်၏။ (အမှန်တကယ် လည်း သူမ၏ ကျောပိုးအိတ်ထဲတွင် မိန်းကလေးအများစု ဆောင်လေ့ရှိ သော တွယ်ချိတ်၊ ကလစ်၊ လက်ကိုင်ပဝါ၊ နှုတ်ခမ်းနီဘူး၊ မိတ်ကပ်၊ ကြည့် မှန်ဝိုင်းကလေး စသည့် ပစ္စည်းများ ထည့်လေ့မရှိကြောင်း နောက်တော့မှ သူမ ပြန်ပြောပြသည်။ သို့သော် . . .မောင်းချဓားတစ်ချောင်းတော့ အမြဲ ပါလေ့ရှိသည်ဟု ဆို၏။ (ကြည့် . . .လွဲချော်လိုက်ပုံများ)

*

သူမနှင့် ကျွန်တော် မျက်နှာချင်းဆိုင်အနေအထားမှာ နီးသထက် နီးလာ၏။ သူမကို ဘယ်လိုအကူအညီပေးရပါ့မလဲ . . .ဟု ကျွန်တော် စဉ်းစားနေသည်။ အကူအညီပေးလိုက်ခါမှ သူ . . . ရှက်များသွားမလား။

အတွေးတွေ ရှုပ်ထွေးနေသောကြောင့် ကိုယ့်ကိုယ်ကိုယ် သတိ မထားမိဘဲ သူမ၏ခြေထောက်ကို စိုက်ကြည့်မိလျက်သား ဖြစ်နေသည်။ ထိုစဉ် သူမက . . .

"ဒီမှာ . . . ဒီမှာ . . ."

ဟု လှမ်းခေါ်၏။ ရုတ်တရက်မို့ ကျွန်တော် အံ့သြသွားပြီး . . .

"ဟင် . . . ဘာလဲ"

"ရှင့်ဘဝမှာ မိန်းမခြေထောက်ကို တစ်ခါမှ မမြင်ခဲ့ဖူးဘူးနဲ့

mgyoe.com

mgyoe.com


တူတယ်"

သူမစကားကြောင့် ကျွန်တော့်ရင်ထဲ အောင့်သွားသည်။

ကောင်စုတ်မလေး . . .ဟု စိတ်ထဲက ကျိတ်၍ ကျိန်ဆဲလိုက်၏။

အဲသည် ဖိနပ်မပါသော မိန်းမကတော့ ဘာမှမဖြစ်သလိုပင် အေးအေးဆေးဆေး လေချွန်ရင်း သူမ၏လမ်းကို ဆက်လျှောက်သွားခဲ့လေသည်။

*

မိန်းမတစ်ယောက်၏ အစော်ကားကို ခံရခြင်းသည် မည်သည့်ဘက်ကကြည့်ကြည့် စိတ်သက်သာစရာ မရှိပါ။ ယောကျ်ားတစ်ယောက်အဖို့ မိန်းမနှင့် ဖက်ပြိုင်တုံ့ပြန်ရန်ဖြစ်ဖို့ လူမြင်မကောင်း ဟု အများက ယူဆထားကြသည့်ကိစ္စမှာ အတော်ပင် အူကြောင်ကြောင်နှင့် ဆိုးရွားလှသော အချက်ဖြစ်ပါသည်။

ကျွန်တော့်အထင်ပြောရလျှင် မိန်းမဟူသော သတ္တဝါများသည် ခြင်္သေ့နှင့်တူ၏။ အပေါ်စီးက တိုက်ခိုက်ရခြင်းကို အရသာခံပြီး အနိုင်နှင့် ပိုင်းချင်ကြသည်။

ကျွန်တော်၏ ကောင်စုတ်မလေးသည် အတော်ပင် ကတ်တီးကတ်ဖဲ့ နိုင်လှသော ခြင်္သေ့မလေးဖြစ်သည်။

ဖြစ်နိုင်မည်ဆိုပါလျှင် . . . သင်းကို တိရစ္ဆာန်ရုံသို့ ပို့ပစ်ချင်ပါသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၂)

"တခြားလူတွေ စိတ်အနှောင့်အယှက်ဖြစ်အောင် လိုက်ပြီး ရန်ထောင်တတ်တဲ့မိန်းမကို လက်တင်ဘာသာစကားနဲ့ Cattus လို့ ခေါ်တယ်ကွ၊ အဓိပ္ပာယ်က . . . 'အနံ့ဆိုးဆိုး နံစော်နေတဲ့ကြောင်'တဲ့။

ကျွန်တော့်စကားကို နားထောင်ပြီး ရဲထွဋ်က ရယ်နေ၏။ နောက်သူက –

"အေးပါ . . . တစ်နေ့နေ့ မင်းတို့နှစ်ယောက်ကို ငါ မိတ်ဆက်ပေးဦးမယ်၊ အဲဒီအခါကျတော့မှ မင်း . . .သူ့နဲ့ မျက်နှာချင်းတည့်တည့်ဆိုင်ပြီး အဲသည်လိုပြော . . .၊ မင်းတို့နှစ်ယောက်ကို လက်ဝှေ့ပွဲသွင်းဖို့ ဇာတ်ရုံတစ်ရုံပါ ငါ ကန်ထရိုက်ဆွဲထားလိုက်မယ်"

"တော်စမ်းပါကွာ . . . မိတ်ဆက်ပေးမနေစမ်းပါနဲ့၊ မသိချင်ပါဘူး။ အဲဒီလို အူကြောင်ကြောင် ပေါတောတောတွေ ရှိနေလို့ မင်းတို့ ဒဿနိကကျောင်းသားတွေ နာမည်ပျက်နေတာ . . ."

"ဘာနာမည်ပျက်လို့လဲ"

"ပျက်တာပေါ့ကွ၊ မင်းတို့ အတွေးအခေါ်သမားတွေကို အရူးလို့ ထင်ကုန်ကြတာပေါ့"

ရဲထွဋ်က စိတ်ဆိုးပုံမပေါ်။ လက်ဖက်ရည်ပန်းကန်လုံးထဲ ရေနွေးငှဲ့ကာ ကျင်း၍ သွန်ဆေးနေ၏။ ကျွန်တော်က –

mgyoe.com

mgyoe.com


"သူများနဲ့မတူအောင် စတန့်ထွင်ပြီး ပေါက်ကရတွေ လျှောက်လုပ်ပြနေရုံနဲ့ အဲဒီလိုကောင်မလေးတစ်ယောက်မှာ အတွေးအခေါ် ထူးထူးခြားခြား ရှိတယ်လို့ အောက်မေ့ရမှာလား၊ ငါတော့ မထင်ဘူး ရဲထွဋ်၊ တကယ်တော့ . . .အဲဒါ အရူးတစ်မျိုးပဲ"

လက်ဖက်ရည်ဆိုင် တံစက်မြိတ်အစွန်းဆီမှ နေရောင်ခြည် ဖြာကျနေ၏။ ဒါဆိုရင် ကမ္ဘာမြေရဲ့ ဟိုတစ်ဖက်ခြမ်းမှာ 'ည'အချိန် ဖြစ်နေရောပေါ့ . . .ဟု အဆက်အစပ်မဲ့စွာ ဖျတ်ခနဲ တွေးလိုက်မိသေးသည်။

ရဲထွဋ်က–

"မဟုတ်ဘူး တေဇ၊ ရေး (Ray)က မင်း ပြောသလို သူများနဲ့မတူအောင် တမင်ထွင်ပြီး သူ့ကိုယ်သူ ထင်ပေါ်အောင် လုပ်နေတဲ့ မိန်းကလေးမျိုးတော့ မဟုတ်ဘူး"

"ဒါဆို ဘာလဲ . . .၊ ကြောင်တာလား"

"အင်း . . .တစ်မျိုးတော့ တစ်မျိုးပဲ၊ ဘာလဲဆိုတာတော့ ငါလည်း မပြောတတ်ဘူး။ ကျောင်းတက်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာတော့ ရေး (Ray)ဟာ ထူးခြားတဲ့ မိန်းကလေးတစ်ယောက်ဆိုတာလောက်ပဲ ငါ သတိထားမိတယ်။ အင်း . . .မိန်းကလေးလို့တောင် ပြောရခက်တယ်ကွ၊ သူက မိန်းမ မဆန်ဘူး"

ဘုရားရေ . . .ဘယ်လိုမိန်းမ မဆန်တာပါလိမ့်။ အဲသည် ကောင်မလေးက စွပ်ကျယ်အကျႌဝတ်ပြီး ထဘီခါးတောင်းကျိုက်ကာ ခြင်းခတ်နေတာမျိုးများလားဟု တမင် ခပ်ရွဲ့ရွဲ့တွေးကြည့်မိ၏။

ရဲထွဋ်က ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေစဉ် ကျွန်တော်က–

"ဘယ်လို ထူးခြားတာလဲကွ၊ သူက ထမင်းစားရင် ပါးစပ်နဲ့မစားဘဲ ထမင်းလုံးတွေကို နှာခေါင်းပေါက်ထဲကနေ သွင်းလို့လား"

ရဲထွဋ်က အမှတ်တမဲ့ ရယ်လိုက်သောကြောင့် ရေနွေးတွေ သီးကုန်၏။ သူက ချောင်းတဟွပ်ဟွပ်ဆိုးရင်း–

"မဟုတ်ပါဘူး တေဇရာ ...။ ငါ ပြောချင်တာက ရေး (Ray) ဟာ ထက်ထက်မြက်မြက်ရှိတဲ့ မိန်းကလေး၊ သိပ်တော်တဲ့မိန်းကလေးလို့ ဆိုလိုချင်တာ . . ."

mgyoe.com

mgyoe.com


"အေး . . .အဲဒီလို 'တော်တယ်'လို့ အညွှန်းခံရတဲ့လူမျိုးက ပင်ကို စိတ် အခြေခံမနိုင်ရင် ရူးဖို့ပိုနီးစပ်တာကွ၊ မင်းလည်း ဖတ်ဖူးမှာပေါ့ . . .

စိတ်ပညာစာအုပ်တွေထဲမှာလေ . . .

ငယ်ငယ်တုန်းက အစွမ်းအစ ပြခွင့်မရအောင် အနှိမ်ခံထားရတဲ့ ကလေးမျိုးဟာ ကြီးလာတော့ သူပတ်ဝန်းကျင်နဲ့ ဆက်ဆံတဲ့အခါ တုံ့ပြန်မှု လွန်ကဲ Over reaction တတ်တယ် ဆိုတာ . . ."

ကျွန်တော့်စကားကြောင့် ရဲထွဋ်ခဏတွေသွား၏။ နောက်မှ ခပ်ငိုင် ငိုင်ဖြင့် . . .

"ပြောရခက်ပါတယ်ကွာ . . .။ လူ့စိတ်ဆိုတာ . .စိတ်ပညာစာအုပ် လေးတစ်အုပ်၊ နှစ်အုပ် ဖတ်ဖူးရုံနဲ့ ဒီလို လွယ်လွယ်ဆုံးဖြတ်လို့တော့ မရဘူး။ အင်း . . . ငါလည်း မသိဘူး . . .

မင်း ပြောသလို ဟုတ်ချင်လည်း ဟုတ်နေမှာပေါ့လေ၊ အဲဒီ အမျိုး သမီးရဲ့ ငယ်ဘဝနောက်ကြောင်းမှာ အသိရခက်တဲ့ ကိစ္စတစ်ခုခု၊ လျှို့ဝှက် ချက် တစ်ခုခုတော့ ရှိနေမယ်မှန်း ငါ ရိပ်မိတယ်"

ရဲထွဋ်က စကားကို လေးတွဲ့စွာ အဆုံးသတ်လိုက်သည်။ မောပန်း နွမ်းနယ်သွားသည်ဟု အောက်မေ့ရ၏။

အို . . . မဟုတ်ပါ။

မောဟိုက်နေသူမှာ ကျွန်တော်သာလျှင် ဖြစ်လေသည်။

❑

mgyoe.com

mgyoe.com

## အခန်း (၃)

ကျွန်တော်တို့နှစ်ယောက်၏ မိတ်ဆွေဖြစ်ခြင်း အခမ်းအနားသည် ဖဲကြိုးများ၊ လက်ခုပ်သံများ၊ ကောင်းကင်ယံသို့ လွင့်ပျံတက်သွားသည့် ရောင်စုံပူဖောင်းများ မပါဘဲ ခြောက်ခြောက်သွေ့သွေ့နှင့် သမားရိုးကျ ဆန်ဆန်သာ ဖြစ်သည်။ (သူမနှင့် ကျွန်တော့်ကို ရဲထွဋ်က မိတ်ဆက်ပေးခဲ့ခြင်းဖြစ်၏။)

မှတ်မှတ်ရရ ပြောရလျှင် . . .

ဒဿနိကဗေဒ စာသင်ခန်းများရှိရာ စင်္ကြံလမ်းအဆုံးရှိ စားသောက်ဆိုင်တန်းတစ်လျှောက်တွင် သစ်ရွက်ကြွေသံများနှင့် အသက်ရှူသံများမှလွဲ၍ တိတ်ဆိတ်နေသော အခမ်းအနားဖြစ်သည်။

အေးစက်မှိုင်းဝေသော ခရမ်းနုရောင်အလင်းနှင့် စိတ်သိချင်း သစ်ရွက်တွေ တဖွဲဖွဲ ကြွေကျနေသည့် အခမ်းအနားလည်းဖြစ်သည်။

နှုတ်သီးနီရဲသော ငှက်ငယ်ကလေးတွေ ခပ်နိမ့်နိမ့် ပျံသန်းသွားကြသည့် အခမ်းအနားလည်း ဖြစ်ခဲ့လေသည်။

*

"တွေ့ရတာ ဝမ်းသာပါတယ် ကိုငြိမ်းတေဇ"

အနိမ့်အမြင့် မပါသော လေသံအေးစက်စက်ဖြင့် သူမ နှုတ်ဆက်၏။

mgyoe.com

mgyoe.com


အဲ . . . ဒါပါပဲ။ ပြီးပြီ။

*

သူမမျက်နှာကို မြင်နေရသည်မှာ အနံ့၊ အဆင်း၊ အရသာ မရှိသော သစ်သီးတစ်လုံးကို ကြည့်နေရသလိုပါပဲ . . . ဟု ခံစားရ၏။ ကျွန်တော်က—

"မိတ်ဆက်တယ်ဆိုတာ ဒါပဲဗျ၊ တစ်ယောက်ကိုတစ်ယောက် တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောလိုက်ရင် ပြီးသွားတာပဲ၊ တခြားစကား အသစ်အဆန်းလည်း မရှိဘူး . . .ဒါပဲ"

သူမက ကျွန်တော့်မျက်နှာကို သတိထား၍ အကဲခတ်နေဟန် မြင်ရ၏။ ကျွန်တော်က တမင် ခပ်ရွဲ့ရွဲ့ ထပ်ပြောလိုက်သည်။

"ကျွန်တော်ကတော့ ခင်ဗျားကို 'တွေ့ရတာ ဝမ်းသာပါတယ်'လို့ မပြောချင်ဘူး၊ လူတစ်ယောက်ကို အသိအမှတ်ပြုတာဟာ အလွတ်ကျက်ထားတဲ့ စကားတစ်ခွန်းကို ရွတ်ပြရုံထက်တော့ ပိုသင့်တယ်ထင်တယ်"

"ဒါဖြင့် . . .ကျွန်မက ဘာလုပ်ရမှာလဲ၊ ရှင့်ကို ဖက်နမ်းရမှာလား၊ ဦးသုံးကြိမ်ချရမှာလား၊ ဒါမှမဟုတ် . . .ရှင့်ကုပ်ကိုဆွဲပြီး မေးစေ့ကို ဒူးနဲ့ တိုက်ပစ်လိုက်ရမှာလား။ လူတွေထဲမှာ နေနေရသမျှတော့ တခြားလူတွေ ပြောသလို 'ဝမ်းသာပါတယ်'ပဲပေါ့၊ လုံလောက်ပါတယ် . . . ကိုငြိမ်းတေဇ . . . လုံလောက်ပစ်လိုက်ပါ"

ကျွန်တော် စိတ်ညစ်သွားသည်။

*

သူမက ကျွန်တော့်ကို မကြည့်ဘဲ မျက်နှာလွှဲနေသည်။ နောက် အေးအေးဆေးဆေးပင် သီချင်းတစ်ပုဒ်ကို လေချွန်နေ၏။ ကြည့်စမ်း . . ဘယ်လောက်တောင် အမြင်ကတ်ဖို့ ကောင်းလိုက်တဲ့ ကောင်မလေးလဲလို့။

ကျွန်တော် ကြိုးစားပမ်းစား ပြုံးပြလိုက်ရသည်။ (စိတ်ထဲမှာတော့ အဲသည် တိရစ္ဆာန်မလေးကို ဘယ်ပြန်ညာပြန် နားရင်းရိုက်နေမိ၏။)

နောက် . . . ပုံမှန်အတိုင်းဖြစ်အောင် ခဲခဲယဉ်းယဉ်း ချုပ်ထိန်းထား

mgyoe.com

mgyoe.com


ရသည့်အသံဖြင့် . . .

"ကဲ . . .ဗျာ၊ 'တွေ့ရတာ ဝမ်းသာပါတယ်' ပြီးရောပေါ့၊ ဒီစကားနဲ့ပဲ ကျွန်တော်တို့ မိတ်ဆွေဖြစ်ပစ်လိုက်ကြပြီဗျာ၊ ဒါပဲမဟုတ်လား"

"အင်း . . .မိတ်ဆွေဖြစ်ရုံသက်သက်ပဲ ဆိုရင်တော့ ဖြစ်လို့ရပါတယ်။ ဒါပေမဲ့ . . .ကြာလာရင် ရိုးရိုးမိတ်ဆွေဘဝကနေ တစ်ဆင့် တက်ပြီး ရင်းနှီး၊ သံယောဇဉ်တွေတွယ်၊ ချစ်သူတွေ ဖြစ်လာမယ်လို့ ရှင့်စိတ်ထဲမှာ အပေါစားဇာတ်လမ်းတွေဆင်ပြီး စိတ်ကူးယဉ်ထားရင်တော့ ကျွန်မဘက်က အဲဒီအတိုင်း ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ ကြိုပြောထားချင်တယ်"

ဟာ . . .ကောင်မစုတ်လေး၊ ငါ့ကို အသားလွတ်ကြီး တိုက်ခိုက်နေပြီ။ ဒင်းလို အူကြောင်ကြောင်၊ ဆောင့်ကြွားကြွား မိန်းမဟာ ယောကျ်ားတစ်ယောက်အတွက် ဘာများ စိတ်ကူးယဉ်စရာကောင်းလို့လဲ။

အဲသည်ကောင်မလေးသည် သူ့ကိုယ်သူ အတော် အထင်ကြီးပုံရပါသည်။ သွားစမ်းပါကွာ. . .။ ယောကျ်ားတစ်ယောက်ဟာ မင်းနဲ့ အသိမိတ်ဆွေဖြစ်လိုက်ရတာနဲ့ပဲ ရည်းစားစကား ပြောတော့မယ် ထင်နေသလား။

*

သူမက သီချင်းတစ်ပုဒ်ကို အေးအေးဆေးဆေး လေချွန်နေနိုင်သည့်အချိန်တွင် ကျွန်တော်ကတော့ စိတ်ထဲမှာ ကျိတ်ပြီး ဒေါသတွေ ဖြစ်နေရ၏။

ကြည့်စမ်း . . .ဒီကောင်မလေးရုပ်ရည်က ထောင်ထွက်လို့ပြောရင် လူတိုင်းယုံမယ့်ရုပ်မျိုး။ မျက်နှာက နံပြားကို နွားနင်းထားသလို ဖြစ်နေလိုက်တာ . . .။ ဆံပင်တွေကလည်း ရှုပ်ပွလို့ . . . မီးလောင်ခံထားရတဲ့ မျောက်ပုံစံနဲ့။ ဒီကြားထဲ မျက်စိကလည်း မှေးသေး။ အင်း . . . ပါးစပ်ထဲမှာ သွားချေးတွေလည်း ရှိချင်ရှိမှာပေါ့။ ဒီအတိုင်းဆို အာပုပ်စော်လည်း နံမှာပဲ။

*

mgyoe.com

mgyoe.com


ကျွန်တော်က . . .

"အဲဒါဆိုရင် . . . ကိုယ် ကတိပေးတယ်၊ ကိုယ်ကတော့ မင်းကို အစွမ်းကုန် ဖြားယောင်းမြှူဆွယ်မှာပဲ"

ဘုရားရေ… ငါ ဘာပြောလိုက်မိတာပါလိမ့်။ ကိုယ့်ဘာသာ ကိုယ် ပြောပြီးပြီးချင်း ကျွန်တော် အံ့အားသင့်သွားသည်။ ကိုယ့်ပါးစပ်က ထွက်သွားသည့်အသံကို သေသေချာချာ ကြားလိုက်ရပါလျက် . . . ပြောလိုက်တဲ့လူဟာ ငါမှ ဟုတ်ရဲ့လားဟု တွေးကာ မယုံကြည်ချင်သလို ခံစားရ၏။

သူမက ဓားမြှောင်တစ်လက်၏ ထိပ်ဖျားလို လှပပိုင်နိုင်စွာ ပြုံးရင်း . . .

"ရှင် ရှုံးမှာပဲ၊ ကျွန်မဘက်က သိပ်ကို သေချာတယ်"

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု ရှိလွန်းနေသော ထိုမိန်းမကို ကျွန်တော် မုန်းပါသည်။ (ကျွန်တော် မနာလိုနေတာလည်း ဖြစ်နိုင်သည်)

ကျွန်တော်က . . .

"မင်းက လှပဲ . . . နတ်သမီးမှမဟုတ်တာ၊ အချစ်နဲ့ ကံကြမ္မာကို စီမံခန့်ခွဲနိုင်အောင် . . . သေချာတဲ့တန်ခိုး မင်းမှာ မရှိပါဘူး၊ ကိုယ့်ရဲ့ သွေးဆောင်ဖြားယောင်းမှုက ပိုပြီး အားကောင်းမှာ သေချာတယ်"

ထင်မှတ်မျှော်လင့်မထားသော စကားတွေကို နှုတ်က ပြောဆိုနေမိချိန်တွင် ကျွန်တော့်စိတ်ထဲက . . . ဒီမိန်းမကို ငါမုန်းတယ်၊ ငါ မုန်းတယ်၊ ငါ မုန်းတယ် . . . ဟု ရေရွတ်နေ၏။

သူမက . . .

"စောင့်ကြည့်မယ်လေ၊ ရှင် . . .ကျွန်မကို ဘယ်လိုမြှူဆွယ် ဖြားယောင်းနိုင်မလဲဆိုတာကို"

"ကျေးဇူးပဲ . . . ရေး (Ray)၊ ဒီအတိုင်းဆို မင်းဆီကို ကိုယ် နေ့တိုင်းနီးပါး လာဖြစ်တော့မယ်"

သူမ၏ မျက်နှာက ကြွက်နှင့်တူနေပြီး ဘယ်သူမှမသိသော ပြက်လုံးတစ်ခုကို တစ်ယောက်တည်း ကျိတ်ရယ်နေပုံမျိုးဖြင့် ပြုံးနေ၏။

*

mgyoe.com

mgyoe.com


ထိုအခိုက်မှာပင် ရဲထွဋ်က အတန်းသွားတက်နေရာမှ ပြန်ရောက်လာ၏။ ကျွန်တော့်နံဘေးမှ ခုံတွင် ဝင်ထိုင်လိုက်ရင်း . . .သူက–

"ဟေ့ကောင် . . . မင်း ဟိုတစ်နေ့က ငါ့ကိုပြောတဲ့ လက်တင်စကားလုံးက ဘာတဲ့ . . . Cattus ဟုတ်လား၊ အဲဒါ . . . အခု ရေး (Ray) ရှိတုန်း ပြောလေကွာ"

ကျွန်တော် ရယ်လိုက်မိသည်။

ရေး (Ray) ကို ရည်ရွယ်ပြီး . . ."ရန်ထောင်တတ်သော မိန်းမ Cattus" ဆိုသည်မှာ အနံ့ဆိုးသောကြောင်ဟု အဓိပ္ပာယ်ရသည့်အကြောင်း ကျွန်တော် ပြောခဲ့သည့်စကားကို ပြန်အစဖော်နေခြင်းဖြစ်၏။

အနောက်တောင် မုတ်သုန်လေတစ်ချက် နူးညံ့စွာ တိုက်ခတ်လာသည်။ သူမ၏ ကိုယ်သင်းရနံ့ကို နီးစပ်နွေးထွေးစွာ ရှူရှိုက်ဖြစ်၏။

ဟင့်အင်း . . . သူမက အနံ့ဆိုးသော ကြောင်တစ်ကောင်မှ မဟုတ်ဘဲလေ . . .

သူမ၏ ကိုယ်သင်းရနံ့သည် အဝါရောင်စိုလက်ကာ မြတ်လေးပန်းလို မွှေးပျံ့နေသည်ဟု ခံစားရ၏။

ဟင့်အင်း . . . အဲဒီမိန်းမကို ငါမုန်းတယ်။

. . . . . . . . . .

ယောကျ်ားဆိုသည်မှာ ကိုယ့်ကိုယ်ကိုယ် အရှုံးလုပ်ရာတွင် အကျွမ်းကျင်ဆုံးသတ္တဝါ ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၄)

ကမ္ဘာမြေတစ်ခုလုံးကို လရောင်ခြည်ဖြင့် ဖုံးသွားစေနိုင်စွမ်းသော သူမ၏ရယ်မောသံသည် ချိန်းဆိုထားလျက်က လာရန်ပျက်ကွက်ခဲ့သည်။

အချစ်သည် မိုးရေစက်လက်ကျနေသည့် ကံ့ကော်ပင်တစ်ပင် အောက်မှာ တိတ်တိတ်ကလေး ရပ်စောင့်နေ၏။

သူမကို ခဏ ခဏ အိပ်မက်မက်ဖြစ်နေသည့်အကြောင်း ဖြောင့်ဆို ဝန်ခံချက် ပေးလိုပါသည်။

ဒဏ္ဍာရီဆိုသည်မှာ မရှူးဖြစ်ခဲ့သော ပန်းပွင့်များ၏ အတ္ထုပ္ပတ္တိ ဖြစ်ကြောင်း နားလည်ပေးကြပါ။

*

သူမသည် လိမ္မော်သီးကလေးတစ်လုံးနှင့် တူနေပါသည်။ မိုးရွာပြီးစ ညနေထဲတွင် လတ်ဆတ်တောက်ပသော လိမ္မော်ရောင် တီရှပ်ကလေးကို ဝတ်ဆင်ထားသည့် ကောင်မလေးတစ်ယောက်ကြောင့် လေငွေ့သည် လိမ္မော်ရနံ့ သင်းပျံ့နေ၏။ တီရှပ်အင်္ကျီ၏အရောင်က မီးစုန်းလို လင်းလက်သည်။ ဗွီပုံသဏ္ဌာန်လည်ပင်းအဟိုက်ကြောင့် ဝါဝင်းသော ရင်ညွန့်အစပ်ကလေးကို မြင်နေရ၏။ ရွှေဆွဲကြိုး သေးသေးမျှင်မျှင်ကလေးက လှုပ်ယမ်းနေသည်။

mgyoe.com

mgyoe.com


လိမ္မော်သီးကလေးတစ်လုံး ရင်ခုန်နေပုံမှာ အရမ်းချစ်စရာကောင်းနေသည်။

*

ဂျပ်ဆင်ရှေ့လမ်းကလေးပေါ်မှာ ရေတမာပင်ရိပ်တွေ အေးမြနေ၏။ ကြွေကျနေသော သစ်ရွက်ခြောက်တွေပေါ် ဖြတ်နင်းပြီး လျှောက်ခဲ့ကြသည်။ ရဲထွဋ်က ရှေ့မှသွားနှင့်ရင်း ကျွန်တော်တို့နှစ်ယောက်ကို လှည့်မကြည့်ဘဲ ပြော၏။

"မြန်မြန်လျှောက်ကြဗျာ၊ ခင်ဗျားတို့နှစ်ယောက်က နှေးတုံ့ နှေးတုံ့နဲ့"

"နင်က . . .ဘာတွေ အလောတကြီးဖြစ်နေတာလဲ"

"လှည်းတန်းက လက်ဖက်ရည်ဆိုင်မှာ ကိုညွန့်ဟန်ကို စောင့်ခိုင်းထားလို့ . . .၊ ညနေ လေးနာရီခွဲအရောက် လာခဲ့မယ် ပြောထားတာ၊ နောက်ကျနေပြီ"

သူ ရောက်ဦးမှာ မဟုတ်သေးပါဘူး . . . ဟု ကျွန်တော်က လှမ်းပြောလိုက်သည်။

ကိုညွန့်ဟန်က ကျောင်းတက်ရင်း ကြော်ငြာကုမ္ပဏီတစ်ခုတွင် အချိန်ပိုင်းအလုပ်လုပ်နေသောကြောင့် ကြော်ငြာအပ်သူရှိလျှင် ရှိသလို နောက်ကျတတ်သည်။

"မထူးပါဘူး . . .ရှင်တို့သုံးယောက်စလုံးက ချိန်းပြီးပြီဆိုရင် အကြောင်းတစ်ခုမဟုတ် တစ်ခုပြပြီး နောက်ကျတတ်တာပဲ မဟုတ်လား၊ ကျွန်မကလည်း အဲဒီလို ချိန်းပြီး နောက်ကျတတ်တဲ့လူတွေကို သိပ်မုန်းတာ"

(လောကကြီးမှာ မင်းမမုန်းတာ ဘာများရှိသေးလို့လဲ ကောင်စုတ်မလေးရယ်)

ကျွန်တော်က ရေး (Ray) ကို ဖျတ်ခနဲ ခိုးကြည့်လိုက်သည်။ သူမက ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်နေသည်နှင့် ဆုံ၏။ ကျွန်တော့်ကို တမင်ရည်ရွယ်၍ ပြောနေမှန်း သေချာသွားသည်။

ကျွန်တော် ရယ်လိုက်မိ၏။

mgyoe.com

mgyoe.com


"ရှင် . . .ဘာရယ်တာလဲ"

"မင်း . . .ကိုယ့်ကို စောင်းပြောနေတာမဟုတ်လား၊ မနေ့က ကိုယ် နောက်ကျသွားလို့လေ"

ကျွန်တော် သင်ယူနေရသော ကွန်ပျူတာဘာသာရပ်အတွက် လိုအပ်သည့် ကွန်ပျူတာ ယုတ္တိဗေဒ Computer Logic အကြောင်း ပြောပြပေးဖို့ သူမကို အကူအညီတောင်းခဲ့သည်။ (ထိုကိစ္စသည် ယောကျ်ား တစ်ယောက်၏ မာယာဆန်သော ကိုယ့်ကိုယ်ကိုယ် လှည့်ဖျားမှုတစ်ခု လည်း ဖြစ်နိုင်ပါသည်။)

သူမက အခြေခံယုတ္တိဗေဒ၊ သင်္ချာယုတ္တိဗေဒ တို့အကြောင်း က စပြီး နည်းနည်းချင်းစီ ပြောပြခဲ့၏။ ယင်းမာကင်တင်းမှာ၊ ဘွဲ့နှင်းသဘင် လမ်းမပေါ်မှာ၊ လှည်းတန်းလက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့နှစ်ယောက် ၏ ညနေခင်း ယုတ္တိဗေဒစကားလုံးတွေ၊ ငြင်းခုံသံတွေက အတော်လေး ကျင့်သားရ ယဉ်းပါးစပြုပြီ။

(သူမနှင့် စကားပြောရသည်မှာ နှစ်ယောက်သား စားချင်းယှဉ် ခုတ်ရသည်နှင့်တူကြောင်း အကြိမ်တိုင်းလိုလိုမှာပင် ကျွန်တော် သတိထား မိသည်။ သူမသည် စားခုတ် အလွန်ကျင်လည်သည့် လူသတ်သမလေး တစ်ယောက် ဖြစ်ပါသည်။)

မနေ့ကတော့ သူမနှင့် စကားပြောဖို့ ချိန်းဆိုထားပြီးမှ အတော် နောက်ကျပြီး ရောက်သွားခဲ့သည်။

"မင်းက အသေးအဖွဲလေးတွေကို သိပ်အမှတ်သညာကြီးတဲ့ သူပဲ ရေး (Ray)၊ ကိုယ် နောက်ကျရတဲ့အကြောင်း ရှင်းပြပြီးပြီပဲ၊ မကျေနပ်သေး ဘူးလား"

သူမ ဘာမှပြန်မပြော။

"တကယ်ဆို . . .ကိုယ်လည်း ဘယ်နောက်ကျချင်ပါ့မလဲ . . .၊ သွားချင်တဲ့ဆီကို ချက်ချင်းရောက်အောင်သွားလို့ရတဲ့ တန်ခိုးမှ မရှိတာ"

နှစ်ယောက်သား အတူလျှောက်လာကြရာတွင် သူမက တိတ်ဆိတ် နေသောကြောင့် ခြောက်ကပ်ကပ် ဖြစ်နေ၏။

သူမကို ကျွန်တော် စိတ်ညစ်သွားသည်။ ရှိပါစေတော့ . . .၊

mgyoe.com

mgyoe.com


မတောင်းပန်ချင်တော့ပါ။ ကျွန်တော် ညည်းညည်းညူညူ ပြောလိုက်မိသည်။

"တောင်ပံတွေရှိရင်လည်း အကောင်းသား၊ တိမ်တွေလို ငှက်တွေလို . . . လေထဲမှာ ပျံဝဲပြီး သွားချင်ရာသွားလို့ရအောင်"

"ရှင့်မှာ မွေးကတည်းက အတောင်ပံပါလာရင်တော့ နေသားကျချင်ကျမှာပေါ့လေ၊ ဒါပေမဲ့ အခု ဒီအရွယ်ကြီးကျမှ အတောင်ပံပေါက်လာရင် ဘဲကြီးနဲ့တူနေမှာပေါ့"

သူမ၏စကားကြောင့် ကျွန်တော် စိတ်ဆိုးရအခက်၊ ရယ်မောရအခက် ဖြစ်သွား၏။

ကြည့်စမ်း . . . ဟောဒီ ကောင်မလေးဟာ သူတစ်ပါးရဲ့ စိတ်ကူးလှလှပပတွေကို ဖျက်လိုဖျက်ဆီး လုပ်တဲ့နေရာမှာ သိပ်တော်တာပဲ။

"မင်းက သိပ်စိတ်ပုပ်တာပဲ ရေး (Ray)"

သူမက ကျွန်တော့်ကို မထိမဲ့မြင်ပုံစံဖြင့် လှမ်းကြည့်ရင်း . . .

"ဘာဖြစ်လို့လဲ"

"ကိုယ့်မှာ အတောင်ပံတွေပေါက်လာမှာကို မနာလိုဘူး မဟုတ်လား"

ကျွန်တော်က တမင်သက်သက် စလိုက်သည်။

"အိုး . . .ဘာလို့ မနာလိုဖြစ်ရမှာလဲ၊ အဲဒီအခါကျတော့မှ ရှင့်ဘာသာရှင် လင်းတကြီးနဲ့ တူနေတူနေ၊ ဘဲကြီးနဲ့ပဲ တူနေတူနေ ကျွန်မအပူမှ မပါတာ"

"မင်းကော . . .အတောင်ပံတွေ မရှိချင်ဘူးလား၊ ကလေးဘဝတုန်းက စိတ်ကူးမယဉ်ကြည့်ဖူးဘူးနဲ့ တူတယ်၊ တောင်ပံတွေပေါက်လာပြီး လေထဲလျှောက်ပျံဝဲတာမျိုး . . . ပေါ့၊ ကိုယ်ဆို ငယ်ငယ်တုန်းက ကောင်းကင်ကြီးကို မော့မော့ကြည့်ပြီး အဲဒီလို အမြဲတမ်း စိတ်ကူးယဉ်တာ"

သူမ . . . မျက်နှာတစ်ချက် ပျက်သွား၏။ ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲ ဖြစ်မိသည်။ ငါ ဘာများ စကားမှားသွားလို့လဲ။

သူမက . . .

"ကျွန်မ ကလေးဘဝတုန်းကတော့ အတောင်ပံတွေ ပေါက်လာဖို့

mgyoe.com

mgyoe.com


စိတ်ကူးမယဉ်ခဲ့ဖူးဘူး၊ ဒါပေမဲ့ . . . အမြီးတစ်ချောင်း ပေါက်လာဖို့ပဲ စိတ်ကူးယဉ်ဖူးတယ်"

ကျွန်တော် အံ့သြသွား၏။ ကြံကြံဖန်ဖန်ကွယ် . . .၊ အမြီးပေါက်ချင်ရတယ်လို့။ ဒီလိုဆို မင်းဟာ ခွေးမလေးဖြစ်နေမှာပေါ့။

ကျွန်တော်က . . .

"ဘာဖြစ်လို့ အမြီးပေါက်ချင်ရတာလဲ"

"အမြီးက သိပ်အသုံးဝင်တာ ကိုငြိမ်းတေဇရဲ့၊ သိပ်ကြောက်လာတဲ့အခါကျရင် အမြီးလေးကို ကုပ်ထားလိုက်မယ်၊ ပျော်ရွှင်ရတဲ့အခါမျိုးကျရင်လည်း အမြီးလေးကို တလှုပ်လှုပ် တနန့်နန့်လုပ်နေလို့ရတာပေါ့၊ မကောင်းဘူးလား . . .။ လူတွေလို မပြုံးချင်ဘဲ ဝတ္တရားအရ အတင်းကြီး ပြုံးပြရယ်ပြနဲ့ မျက်နှာကြီးကို ခဏ ခဏ ပုံပြောင်းနေစရာ မလိုတော့ဘူး"

သူမ၏ စကားလုံးတွေကြောင့် ကျွန်တော့်နှလုံးအိမ်ထဲမှာ ဒဏ်ရာတစ်ခုရသလို ခံစားလိုက်ရ၏။

"မင်းစိတ်က တစ်မျိုးပဲ ရေး (Ray)၊ တခြားလူတွေနဲ့တော့ မတူတာအမှန်ပဲ၊ ကိုယ့်အတွက် နားလည်ရခက်နေတယ်"

ရေး (Ray) က ဘာမှပြန်မပြော။

သူမမျက်လုံးများ၏ အရောင်ကို ကြည့်ရသည်မှာ ပုစ္ဆာတစ်ပုဒ်နှင့် တူနေလေသည်။ ဆည်းဆာနေရောင်ကြောင့် မျက်ဝန်းတွေ မှောင်နေတာလည်း ဖြစ်နိုင်တာပဲ . . . ဟု ကျွန်တော် ဖြေတွေးတွေးလိုက်၏။

မိုးရွာပြီးစ ညနေဖြစ်သောကြောင့် အရှေ့ကောင်းကင်တွင် သက်တံတစ်ခုကို မြင်ရလေသည်။

*

လက်ဖက်ရည်ဆိုင်မှာ ညွန့်ဟန် ရောက်နှင့်နေ၏။ ကျွန်တော်နှင့် ရေး Ray က စကားမပြတ်သေး၊ သူမက . . .

"ဘာဖြစ်လို့ ကျွန်မစိတ်ကိုမှ တစ်မျိုးပဲလို့ ပြောရတာလဲ၊ လူတစ်ယောက်ချင်းစီဟာ စိတ်တစ်မျိုးစီ မဟုတ်ဘူးလား။ စိတ်ချင်းထပ်တူညီတဲ့ နှစ်ယောက်ဆိုတာ ဒီလောကမှာ မရှိနိုင်ဘူး"

mgyoe.com

mgyoe.com


"အတိအကျကြီးတော့ မတူကြဘူးပေါ့၊ ဒါပေမဲ့ အကြမ်းဖျင်းအားဖြင့် တူတဲ့အချက်တွေ ရှိပါတယ်၊ ဒါမှလည်း တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းလို့ရမှာပေါ့"

ညွန့်ဟန်က ဝင်ပြောသည်။

ကျွန်တော်က လက်ဖက်ရည် လှမ်းမှာလိုက်၏။ ရေး (Ray)က–

"ဘာဆိုင်လို့လဲ၊ အခု ငါ . . .နင်တို့နဲ့ ပေါင်းလို့ သင်းလို့ ရနေတာပဲ၊ ဘယ်သူမှလည်း ငါ့စိတ်နဲ့ မတူကြဘူး။ တူဖို့မပြောနဲ့ . . .ငါ့စိတ်ကို နားလည်တဲ့သူတောင် ရှိမှာမဟုတ်ဘူး၊ ငါက ငါပဲ . . .သီးသန့်ပဲ"

ညွန့်ဟန်က အလျှော့မပေး။

"တစ်လောကလုံးမှာ ကိုယ်တစ်ယောက်တည်း သတ်သတ်ကွဲထွက်နေတယ်ဆိုတာမျိုးတော့ မရှိနိုင်ပါဘူး၊ အနည်းနဲ့အများတော့ တူကြမှာပါ၊ ဒီမှာ . . . ကျွန်တော်ပြမယ်"

ညွန့်ဟန်က သူ့လက်ဆွဲအိတ်ကိုဖွင့်ပြီး ကုမ္ပဏီမှ လက်ဆောင်ပေးဖို့ထားသည့် ရောင်စုံဘောပင်များကို ထုတ်သည်။

နောက် . . .

အရောင်စုံ အသွေးအရောင် အနုအရင့် အစုံဆယ့်ငါးချောင်းခန့်ကို စားပွဲပေါ်တွင် စီလိုက်ပြီး . . .

"ကြိုက်တဲ့အရောင်ကိုယူ . . .၊ ရွေးချယ်လိုက်တဲ့ အရောင်ကိုကြည့်ပြီး အဲဒီလူရဲ့ စိတ်နေသဘောထားကို ကျွန်တော် ခန့်မှန်းပြမယ်"

အားလုံးက ညွန့်ဟန်ကို ဝိုင်းရယ်လိုက်ကြသည်။

"မင်းကလဲကွာ . . .ပေါကြောင်ကြောင်နဲ့"

ရဲထွဋ်က ရယ်မောရင်း . . .

"အဲဒီနည်းတွေက ဟိုစာအုပ်၊ ဒီစာအုပ်တွေမှာပါတဲ့ အတိုအထွာနည်းလေးတွေပါကွာ၊ ပေါက်ကရ . . .၊ ငါတို့လည်း ဖတ်ဖူးပါတယ်၊ အဖြေတွေလည်း သိနေကြတာပဲဟာ။ ဥပမာ . . .အနီရောင်ကြိုက်တဲ့သူဆိုရင် ရဲရင့်တယ်၊ ပြတ်သားတယ်၊ ကိုယ့်ထူးကိုယ်ချွန်ချင်စိတ် ရှိတယ်၊ ဒါတွေပဲမဟုတ်လား"

ညွန့်ဟန်က ဘာမှပြန်မပြော၊ ဟိုလိုလို ဒီလိုလို လုပ်နေ၏။

mgyoe.com

mgyoe.com


ကျွန်တော်တို့ ဝိုင်းရယ်ကြသောကြောင့် ရှက်သွားပုံရသည်။

ရဲထွဋ်က . . .

"ကဲကွာ . . .အဲဒီတော့၊ အဖြေကို သိနေတော့ ငါ့ကို သဘောကောင်းတဲ့လူ၊ ဖြောင့်မတ်တဲ့လူ၊ စိတ်နေစိတ်ထား အေးချမ်းတဲ့လူလို့ ထင်သွားအောင် ငါက . . . တမင် အပြာရောင်ကို ရွေးမယ်ကွာ . . .၊ မင်း ဘာပြောမလဲ"

"နင့်မေးခွန်းက ကလေးတွေကို သွားမေးရမှာ ညွှန့်ဟန်ရဲ့ . . . အရောင်နဲ့ စိတ်နေစိတ်ထားက ပုံသေဆက်စပ်နေတာ မဟုတ်ဘူး၊

ပတ်ဝန်းကျင်၊ အခြေအနေ၊ အချိန်ကာလ . . .အဲဒါတွေနဲ့လည်း ဆိုင်တယ်၊ ဥပမာကွာ . . .အသားမည်းတဲ့ လူတစ်ယောက်ဆိုပါစို့ . . . သူက သစ်ရွက်ကလေးတွေ စိမ်းနေတဲ့ အစိမ်းရောင်ကို ကြိုက်ချင် ကြိုက်မယ် . . .

ဒါပေမဲ့ သူ ဝတ်ရမယ့် အင်္ကျီအတွက်တော့ အစိမ်းရောင်ကို ရွေးဝတ်မှာ မဟုတ်ဘူး၊ သူ့အသားရောင်နဲ့မှ မလိုက်တာ . . .။ ငါ ပြောတာ သဘောပေါက်လား"

ညွှန့်ဟန်က စိတ်ရှုပ်သွားသည့်ဟန်ဖြင့် ခေါင်းကိုကုတ်ရင်း ကျွန်တော့်ဘက် လှည့်ကြည့်၏။ နောက် . . .

"အစက ငါပြောတာက ရိုးရိုးလေး၊ မင်းတို့ ဝိုင်းဝေဖန်တော့မှပဲ ရှုပ်ကုန်ပြီ . . .။ မပြောတတ်တော့ဘူးကွာ"

စိတ်နှင့် ပတ်သက်သောကိစ္စများကို ပုံသေသတ်မှတ်ထားရန် မဖြစ်နိုင်သည့်အကြောင်း ရင်ထဲမှာ မှတ်မှတ်ရရ သိလိုက်၏။

စိတ်ဆိုသည်မှာ အလှပဆုံး ကဗျာတစ်ပုဒ်ဖြစ်သလို အခက်ခဲဆုံး သင်္ချာတစ်ပုဒ်လည်း ဖြစ်ပါသည်။

*

နောက်ဆုံးတွင် ညွှန့်ဟန်က (စပြောမိမှတော့ မထူးတော့ဘူး) ဟူသည့် လေသံမျိုးဖြင့် . . .

"ကဲ . . .တေဇ၊ ရိုးရိုးသားသား စိတ်ထဲရှိတာ ပြောစမ်းကွာ . . .

mgyoe.com

mgyoe.com


မင်း ဘာအရောင်ကို အကြိုက်ဆုံးလဲ၊ ကဲ . . . ရေး (Ray) ကော"

ကျွန်တော်က 'ခရမ်းရောင်ကို အကြိုက်ဆုံး'ဟု ဖြေရန် ရင်ထဲမှာ အသင့်ပြင်လိုက်ပြီးမှ နှုတ်ခမ်းတွေက ဘာကြောင့်မှန်းမသိ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေ၏။

အဲသည်အချိန်မှာပင် ရေး (Ray) က . . .

"ငါကတော့ ခရမ်းရောင်ကို အကြိုက်ဆုံး"

နှလုံးသားက ထိတ်ခနဲ ခုန်ကာ အံ့ဩသွား၏။ (ဘာကြောင့်မှန်း မသိဘဲ အနည်းငယ် ဝမ်းသာသလိုလို ဖြစ်မိသည့်အကြောင်းကိုလည်း ဝန်ခံရပါဦးမည်)

သို့သော် သူမက ဆက်၍ပြောလိုက်သည်။

"ဒါပေမဲ့ . . . ခရမ်းရောင်ပါတဲ့ ပစ္စည်းဆိုရင် ငါ ဘာတစ်ခုမှ မသုံးဘူး"

သူမက အနက်ရောင် ဘောပင်တစ်ချောင်းကို ရွေးချယ်ကောက်ယူလိုက်လေသည်။

❑

mgyoe.com

mgyoe.com

## အခန်း (၅)

မိုးရွာပြီးစ နေခြည်အဆင်မှာ ရွှေရည်အမျှင်တွေ လက်နေ၏။

ရဲထွဋ်တို့အိမ်ရှေ့ မျက်နှာစာမှာ စီတန်းစိုက်ပျိုးထားသော မိုးမခပင် ခက်လက်တွေ ကိုင်းကိုင်းညွတ်ညွတ် ဖြစ်နေကြသည်ကို ခဏမျှကြာအောင် ရပ်ငေးကြည့်နေဖြစ်သေးသည်။ ပင်စည်တွေက သွယ်နွဲ့အားပျော့သည်ဟု ထင်ရသည့်တိုင် ခပ်ဖြောင့်ဖြောင့်၊ ခပ်မတ်မတ် ရှိကြ၏။

ခြံထောင့်မှ တစ်ပင်တည်းသာ ထူးထူးခြားခြား လမ်းမဘက်ဆီ ပင်စည်ကွေးကောက်နေသည်။ ဝန်းကျင်ကို သတိထားပြီး ကြည့်လိုက်သည့်အခါ တစ်ဖက်အိမ်မှ အမိုးစွန်း၏အရိပ်က အဲသည်ခြံထောင့်မှ မိုးမခပင်ပေါ် လောင်းရိပ်ဖုံးထားသလို ဖြစ်နေသည်ကို မြင်ရ၏။

ငယ်စဉ်ဘဝ သစ်ပင်ပေါက်ခါစကတည်းက သူ့အပေါ် မိုးထားသော လောင်းရိပ်နှင့် လွတ်ရာ နေရောင်ခြည်ရှိသည့် အရပ်ဆီ တိမ်းရင်း ပင်စည်ကွေးကောက်သွားခြင်းဖြစ်သည်ဟု တွက်ဆမိ၏။

လူတွေကော . . . သစ်ပင်တွေလိုပဲလား။

*

"ဟေ့ကောင် . . . တေဇ၊ ဘာရပ်လုပ်နေတာလဲ၊ အိမ်ထဲဝင်ခဲ့လေကွာ . ။ ဆရာတောင် ရောက်နှင့်နေတာကြာပြီ၊ မင်းကို မေးနေတယ်"

mgyoe.com

mgyoe.com

အိမ်တံခါးဝဆီမှ ရဲထွဋ်က လှမ်းခေါ်၏။ သူ့ဘေးတွင် ညွန့်ဟန် ရပ်နေသည်ကိုပါ မြင်ရသည်။

ကျွန်တော် ခပ်သွက်သွက် ဝင်သွားလိုက်ရင်း . . .ဆရာက ပြန်စောင့်နေရတယ်ဆိုတာ အားနာစရာကြီးပဲဟု တွေးလိုက်မိ၏။

ဆရာဦးသန်းဆင့်က ကျွန်တော်၊ ရဲထွဋ်နှင့် ညွန့်ဟန်တို့ ဆယ်တန်းကျောင်းသားဘဝ အင်္ဂလိပ်စာသင်ပေးခဲ့သူဖြစ်၏။ အရင်တုန်းက ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ကျွန်တော်တို့နှင့် သိကျွမ်းထိတွေ့ချိန်မှာတော့ ဆရာ့ ကျန်းမာရေးကြောင့် ပင်စင်ယူထားရပြီဖြစ်သည်။

"ဆရာ . . . ဟိုတစ်လောက ခြေခေါက်လဲသွားလို့ အိပ်ရာထဲ တစ်ပတ်လောက် နားနေလိုက်ရသေးတယ်ဆို"

ကျွန်တော်က ရောက်ရောက်ချင်း နှုတ်ဆက်စကား ပြောလိုက်၏။ ဆရာက . . .

"အေးကွ၊ အဲဒီတုန်းက ဟိုနှစ်ကောင်တောင် အိမ်ရောက်လာပြီး သတင်းမေးသေးတယ်၊ မင်းတစ်ယောက်ပဲ ပေါ်မလာတာ"

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိသည်။

လေး ငါး ခြောက်လနေမှ တစ်ခါလောက် အမှတ်ထင်ထင် တမင်ချိန်းဆို တွေ့ဆုံသည့်အခါမျိုးမှ လွဲပြီး ဆရာ့ဆီ ကျွန်တော် မရောက်ဖြစ်သည်မှာ ကြာပြီ။

"ဟုတ်တယ် ဆရာ၊ ရဲထွဋ်နဲ့ ညွန့်ဟန်ကတော့ ဒဿနိက မေဂျာ တစ်ခုတည်း အတူတူရောက်သွားတော့ တတွဲတွဲ လုပ်နေလို့ရတာပေါ့၊ ကျွန်တော်ကသာ သတ်သတ် သင်းကွဲထွက်နေတာ"

ဆရာက . . . ကျွန်တော့်မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး . . .

"ဟုတ်လို့လားကွ၊ ငါကြားတာတော့ မင်း အခုတစ်လော သူတို့ အတန်းဘက်ချည်းပဲ အမြဲရောက်ရောက်နေတယ် ဆိုသလားလို့"

ဘာပြန်ဖြေရမည်မှန်းမသိ။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲ လန့်သွားပြီး ကြောင်အအ ဖြစ်နေ၏။ ဆရာ (သူကြားရသောသတင်းကို) အတည့်

mgyoe.com

mgyoe.com


ပြောနေတာလား၊ နောက်ပြောင်နေတာလား မဝေခွဲတတ်။ (ဆရာက သူ တရင်းတနှီး သဘောထားသည့် တပည့်များနှင့် အခုလို လွတ်လွတ် လပ်လပ် ဆုံရချိန်မျိုးတွင် ပေါ့ပေါ့ပါးပါး ပြောဆိုကျီစယ်လေ့ ရှိဖူး၏။)

ညွန့်ဟန်က . . .

"ကျွန်တော်တို့နှစ်ယောက်ဆီကို လာတာမဟုတ်ဘူး ဆရာ၊ မဟာဝိဇ္ဇာတန်းကိုပဲ သွားသွားနေတာ"

ညွန့်ဟန် စကားနှင့်အတူ ဆရာဦးသန်းဆင့်က ကျွန်တော် မျက်နှာ အမူရာကို စေ့စေ့ကြည့်ပြီး ရယ်နေ၏။ သေချာပါသည်။ ညွန့်ဟန်နှင့် ရဲထွဋ်က သည်အကြောင်း ဆရာ့ကို ကြိုပြောထားနှင့်ပြီးသား ဖြစ်ရမည်။

ခွေးမသားတွေ . . . လက်ဖက်ရည်ဆိုင်မှာ၊ ကင်တင်းမှာ ရေး (Ray)နှင့်အတူ ထိုင်ဖြစ်ကြသည့်အခါမျိုးတွင်တော့ အဲသည် ခွေးမသား နှစ်ကောင်က သိပ်ကို တည်ကြည်ဣန္ဒြေရလွန်းသည့် ဟန်မျိုးဆောင်တတ် ကြသေး၏။

မေဂျာတစ်ခုတည်းချင်းမို့ ရင်းနှီးသည့်တိုင် ရေး (Ray)ကို သူတို့ မနောက်ရဲပါ။

ဆရာက . . .

"မင်း ကောင်မလေးက တော်တော်လှလို့လားကွ... ဟင် ... တေဇ"

ကျွန်တော်က ခေါင်းခါပြလိုက်သည်။ နောက်... ကျွန်တော် သူမကို စတွေ့စကတည်းက စိတ်ထဲကျိတ်၍ မြင်ခဲ့သော တိရစ္ဆာန် အသွင်သဏ္ဍာန် ကို ပြန်အောက်မေ့ကြည့်လိုက်၏။

"မလှပါဘူး ဆရာရယ် . . .။ သူ့မျက်နှာက ကြွက်နဲ့တူတယ်၊ ဆံပင်က မှိုးလောင်ခံထားရတဲ့ မျောက်လိုမျိုး၊ နောက်ပြီးတော့ ခြသေ့်စုတ်ဖွား နဲ့တူတယ်၊ ကိုယ်နံ့က ကြောင်စော်နံတယ်၊ နောက်ပြီးတော့ မိန်းကလေးသာ ဆိုတယ် . . . ကိုယ်လုံးကိုယ်ထည်က ဟို . . . ဦးပုညရေးတဲ့ စာထဲကလို 'ခါးငယ်ကိုလိမ် ဖင်ပိန်ကို အကုန်နဲ့ပါလို့" ဆိုတဲ့ ဗွတ်ဖင်နီ ငှက်ပေါက်စလို ကိုယ်လုံးမျိုး"

ဆရာက . . .

"အေးကွာ . . . ဒီတစ်ခါ ဆရာ့ဆွေမျိုးတွေ တောကနေ လာလည်

mgyoe.com

mgyoe.com

တဲ့အခါကျရင် တိရစ္ဆာန်ရဲ့ လိုက်ပြနေစရာမလိုတော့ဘူး၊ အဲဒီ မင်း ကောင်မလေးတစ်ယောက်တည်းကိုပဲ ပြလိုက်ရုံနဲ့ တော်တော်စုံနေပြီ"

ဟု ရယ်ရင်းပြော၏။ ညွန့်ဟန်က . . .

"အလကား ဆရာ၊ ဒီကောင် လျှောက်ပြောနေတာ။ မယုံရင် ရဲထွဋ်ကို မေးကြည့်"

"အေးလေကွာ . . . တေဇ၊ မင်းပဲပြောပြီးတော့ . . . ဒီကောင်မလေးရဲ့ စိတ်သဘာဝက ဘာဖြစ်တယ် . . . ညာဖြစ်တယ်နဲ့"

"ဟော့ကောင် . . . ငါပြောတဲ့အထဲမှာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်တွေ မပါဘူး၊ ငါပြောတာက ရိုးရိုးလေး။ ဒီမိန်းမရဲ့ စိတ်ဟာ ပုံမှန် သဘာဝဘောင်နဲ့ တိုင်းတာကြည့်ရင် နည်းနည်းရွဲ့စောင်းနေတယ်လို့ပဲ ပြောတာ"

ဆရာက အနည်းငယ် စိတ်ဝင်စားလာဟန်ဖြင့် ကျွန်တော့်ဘက်ကို လှည့်ကြည့်၏။ နောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။ တစ်စုံတစ်ခုကို မှတ်ချက်ပေးလိုသဖြင့် ချိန်ဆနေဟန်မျိုးဟု ကျွန်တော်တို့ နားလည်လိုက်ကြ၏။

ခဏနေမှ . . .ဆရာက . . .

"အေးကွ၊ အဲဒီလိုလူမျိုးတွေက စိတ်တော့ စိတ်ဝင်စားစရာ ကောင်းတယ်၊ သူတို့က ရူးနေတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့ရဲ့ ပတ်ဝန်းကျင်ကို တုံ့ပြန်ပုံက တခြားသာမန်လူအများစုနဲ့ မတူဘူးဖြစ်နေတာ၊ တစ်ခါ... တစ်ခါ... တမင်အရွဲ့တိုက်ပြီး လုပ်ပြနေသလားတောင် ထင်ရတယ်"

"တကယ်တည်း အရွဲ့တိုက်တာ ဖြစ်ချင်ဖြစ်နေမှာပေါ့ ဆရာ၊ ငယ်ငယ်တုန်းက စိတ်ဒဏ်ရာရဖူးတဲ့ ကလေးတွေဆိုရင် ကြီးလာတဲ့အခါ အဲသည်လို မာမာကျောကျောနဲ့ ထိလွယ်ခိုက်လွယ် ဖြစ်သွားတတ်ကြတယ် မဟုတ်လား"

ညွန့်ဟန်က ဖန်ခွက်ထဲသို့ ရေနွေးငွေ့တွေ လောင်းထည့်ရင်း ဝင်ပြော၏။

စကားပြောသည့်ဘက်ကို စိတ်ရောက်သွားခြင်းကြောင့်လား မသိ အယောင်ယောင်အမှားမှားဖြင့် စောစောက ရေခဲထည့်ဖျော်ထားသည့် ဖန်ခွက်အတွင်းသို့ ရေနွေးငွေ့ငှဲ့မိလျက်သား ဖြစ်သွားရာ . . .

mgyoe.com

mgyoe.com


"ခွပ်"

ခနဲမြည်ပြီး ဖန်ခွက်ကွဲသွားသည်။

ရဲထွန်းက မျက်လုံးပြူးပြီး အံကြိတ်ပြသည်။ ညွန့်ဟန်ကတော့ သူ့အပြစ်နှင့်သူမို့ အူကြောင်ကြောင် လုပ်နေ၏။ ကျွန်တော်ကတော့ . . .

အေးစက်နေသည့် လူ့ဘဝထဲကို ရေနွေးတွေ လောင်းထည့်လိုက်လျှင် ဘယ်လိုနေမလဲ . . . ဟု စဉ်းစားနေမိသည်။ သူမ၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာပြီး ရင်ခုန်သွား၏။

ဘဝကို ဖန်ခွက်တွေနဲ့ ပြုလုပ်ထားတဲ့ ကောင်မလေးရေ . . .

အပူအအေးကြောင့် ကွဲအက်သွားသောအရာသည် ဖန်ခွက်သာ ဖြစ်မည်ဆိုပါလျှင် ဖန်ကွဲအစအနတွေကို ကျုံးယူကာ လွှင့်ပစ်လိုက်၍ ရသေးသည်။

ကွဲအက်သွားသော ဘဝ အစအနတွေကိုတော့ ဘယ်လို လှည်းကျင်း သိမ်းကျုံးယူ၍ ရနိုင်မလဲ။

ယူကြုံးမရဖြစ်တယ်ဆိုတာ ဒါပဲထင်ပါရဲ့။ သွားတော့ . . .။

'ဝမ်းနည်းပါတယ်' . . .တွေ၊ 'လေမလည်ဘူး' . . .တွေ ပြောနေစရာမလိုပါ။

*

"ငယ်ငယ်မှာ စိတ်ဒဏ်ရာရတယ်ဆိုလို့ ပြောရဦးမယ်၊ ဆရာ တောင်ကြီးကောလိပ်မှာ နည်းပြဖြစ်နေတုန်းကပေါ့"

ဆရာ ဦးသန်းဆင့်က ရေနွေးကို တစ်ငုံသောက်ရင်း စကားစ၏။

"ဆရာနဲ့ ရင်းနှီးဝင်ထွက်နေတဲ့ မိသားစုတစ်စုရှိတယ်၊ တော်တော် ချမ်းချမ်းသာသာထဲကပါပဲ၊ သူတို့အိမ်က ဟိုးခေတ်တုန်းက ရှရှားဆရာဝန်တွေ နေသွားခဲ့ကြတဲ့ အိမ်ကြီးကွ၊ ဆရာ အရမ်းသဘောကျတာ . . .

အိမ်ရှင်လင်မယားနှစ်ယောက်စလုံးက ဆရာနဲ့ ခင်နေတာ၊ နှစ်ယောက်စလုံး သဘောမနောကောင်း ဖော်ဖော်ရွေရွေပဲ၊ ပညာတတ်တွေ... အထူးသဖြင့် အမျိုးသမီးက အရမ်း ထက်ထက်မြက်မြက်ရှိတယ်...

ရှမ်းတရုတ်ကပြားဆိုတော့ ရုပ်ရည်ကလည်း အဲဒီအရွယ်တုန်းက

mgyoe.com

mgyoe.com


အတော် လှလှပပ အထက်တန်းကျကျထဲကပေါ့"

ဆရာက စကားကို ခဏဖြတ်ပြီး သူ့မျက်မှန်ကို အဝတ်ဖြင့် သုတ်သည်။ မှန်သားပြင်ထဲ နေရောင်ခြည်အလင်းတန်း ဖြတ်သန်းနေပုံကို မြင်ရ၏။

မှန်သားက ရုပ်ဝတ္ထုဖြစ်သလို အလင်းတန်းကလည်း ရုပ်ဝတ္ထုဖြစ်သည်။ မှန်ထဲကို အလင်းဖြတ်သန်းနေဆဲ တစ်ခဏ၌ ရုပ်ဝတ္ထုနှစ်ခုသည် ထုထည်ပြည့်နေပြီးသား တစ်နေရာတည်းတွင် ထပ်လျက်သား ရှိနေနိုင်ပုံသဘောမှာ တွေးကြည့်လျှင် နက်ရှိုင်းလှ၏။

*

ဆရာက . . .

"သူတို့မှာ . . .သမီးမိန်းကလေးတွေချည်းပဲ သုံးယောက်လား၊ လေးယောက်လားရှိတယ်၊ တော်တော် ကြည်နူးစရာကောင်းတဲ့ မိသားစုဘဝ အေးအေးချမ်းချမ်းလေးပါ . . .

အဲသည်လို နေလာရာက တစ်နေ့ကျတော့ . . . ယောကျ်ားလုပ်တဲ့သူက သူ့အမျိုးသမီးကို . . . 'တို့ အတူနေရတာ ကိုယ်တော့ သိပ်မပျော်လှတော့ဘူး ဆုဆန်'လို့ ဖွင့်ပြောတယ် . . .

အေးအေးဆေးဆေးပဲ ပြောတာ၊ သူတို့ချင်း ရန်ဖြစ်ကြတာ မဟုတ်ဘူး၊ အရင်ကလည်း တစ်ခါမှ ရန်မဖြစ်ဖူးဘူး၊ အမျိုးသမီးကလည်း အေးအေးဆေးဆေးပဲကွ . . .

'အဲဒါဆို ရှင် တစ်နေရာရာ သွားချင်လည်းသွားလေ၊ ကဲ . . . သမီး . . .နင့်အဖေကို လိုက်ပို့ပေးလိုက်'လို့ပဲ တည်တည်ငြိမ်ငြိမ် ပြန်ပြောတယ် . . .

အဲဒီနေ့က မြင်ရတဲ့မြင်ကွင်းဟာ ခုထိ ဆရာ့ရင်ထဲမှာ ကျန်နေတုန်းပဲ၊ အဖေလုပ်တဲ့သူက ခရီးဆောင်အိတ်ကြီးဆွဲလို့ . . .သမီးလေးတစ်ယောက်က သူ့အဖေရဲ့ တယောလေးကိုကိုင်လို့ . . .

အချိန်က ညနေစောင်းလေးပဲ၊ နေရောင်မကွယ်သေးဘူး။ သူတို့အိမ်ရှေ့လမ်းက ကုန်းလျှောကလေး၊ အဲသည်လမ်းကလေးဆုံးလို့ ကား

mgyoe.com

mgyoe.com


လမ်းမဆီကိုရောက်တော့ အဖေက သူ့သမီးလက်ထဲက တယောကို လှမ်းယူပြီး . . .

"ဖေဖေ သွားတော့မယ်နော် သမီး"

လို့ နှုတ်ဆက်ပြီး ထွက်သွားရော . . .

ကလေးလေးကတော့ အကြာကြီး ရပ်ငေးပြီးတော့ပဲ ကျန်နေရစ်ခဲ့တယ်၊ သူ့အဖေ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးဆိုတာ အလိုလိုသိနေတဲ့ ကြေကွဲမှုမျိုးနဲ့ပေါ့ . . .

တကယ်လည်း . . .သူ့အဖေဟာ မိသားစုဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူးလေ"

ဆရာ့အသံက စကားပြောရင်း တိုးဝင်သွားသည်ဟု စိတ်ထဲက အောက်မေ့မိ၏။ မိသားစုတစ်စုဟာ အဲသည်လို နူးညံ့သိမ်မွေ့စွာ . . .၊ ရက်စက်စွာ . . .ပြိုကွဲကြေမွ သွားရတတ်ပါသလား။ ကျွန်တော့်ရင်ထဲမှာ တဆစ်ဆစ် နာလာ၏။ ဆရာက . . .

"မင်းတို့ . . .စဉ်းစားကြည့်လေ၊ ဘာမှမဆိုင်တဲ့ ဆရာတောင်မှ ဘေးကနေကြည့်ရင်း ဒီလောက် ကြေကွဲရသေးတာ၊ သူ့ဇနီးဖြစ်တဲ့သူ ရင်ထဲမှာ ဘယ်လိုရှိမလဲ . . .

ဒါပေမဲ့ . . .အဲဒီအမျိုးသမီးဟာ တစ်ချက်မှ မျက်နှာမပျက်ဘူး၊ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပဲ ရင်ဆိုင်သွားတယ်၊ တကယ်တော့ အဲသည်လောက် တည်ငြိမ်လွန်းနေတာကိုက မကောင်းတာ၊ ဒါ . . .ပုံမှန်တုံ့ပြန်မှုမျိုးမဟုတ်ဘူး . . .

ဆရာ ထင်လိုက်ပါတယ်၊ အဲဒီအမျိုးသမီးဟာ အပြင်ပန်းအရ တည်ငြိမ်နေပေမဲ့ ရင်ထဲမှာ စိတ်ဒဏ်ရာ TRAUMA နက်နက်ရှိုင်းရှိုင်း ဆိုးဆိုးရွားရွားရသွားပြီလို့ . . .။ ဟုတ်တယ်ကွ၊ တကယ်ပဲ နောက်တစ်နှစ်နှစ်နှစ် စသဖြင့် ကြာလာလေလေ ပိုသိသာလာလေလေပဲ။

အဲဒီအမျိုးသမီးဟာ သူ့သမီးတွေအပေါ် ဆက်ဆံတဲ့နေရာမှာ မလိုအပ်ဘဲ တင်းကျပ်လွန်းလာတယ်၊ အကြောင်း မည်မည်ရရမရှိဘဲ အမြဲတမ်း မြည်တွန်တောက်တီး ဆူပူနေတတ်တယ်၊ အာဏာသံတွေ သုံးလွန်းလာတယ်"

mgyoe.com

mgyoe.com


"သူ့စိတ်ဒဏ်ရာကို ဖုံးကွယ်ဖို့ . . .။ အစားထိုးဖို့ သူ့ဘာသာသူ မသိဘဲ ကြိုးစားနေတာ ဖြစ်မှာပေါ့ ဆရာ" ဟု ရဲထွင့်က ဝင်ပြောသံ ကြားရ၏။

ကျွန်တော့်ရင်ထဲတွင် မှောင်မိုက်တင်းကျပ်နေသည်ကို ပြေလျော့လို ပြေလျော့ငြား ပြတင်းခန်းဆီးလိုက်ကာစများကို လှျောက်ဖွင့်နေမိသည်။

"အင်း . . . နောက်တော့ ဘာတွေဆက်ဖြစ်ကြမလဲ မသိတော့ပါဘူး၊ ဆရာလည်း အဲဒီအိမ်ကို အရောက်နည်းသွားတယ်။ နောက်ဆုံး အဲသည် တောင်ကြီးကောလိပ်ကနေ ရန်ကုန်ကို ပြန်ပြောင်းလာတဲ့အထိ ဆိုပါတော့"

ကျွန်တော်တို့ သုံးယောက်စလုံး ဘာမှပြန်မပြောဖြစ်။ ငိုင်တွေနေမိကြ၏။ ဆရာက . . .

"ဒီမှာ ဆရာပြောချင်တာက . . .လူတစ်ယောက်ဟာ အဲဒီလို စိတ်ဒဏ်ရာရသွားပြီဆိုရင် သူ့ကိုယ်သူကိုရော ပတ်ဝန်းကျင်ကိုပါ ဒုက္ခပေးနိုင်တယ် ဆိုတာပဲ။ သိပ်အန္တရာယ်ကြီးတယ်ကွ . . .၊ မင်းတို့လည်း ဆင်ခြင်ကြ၊ ကိုယ့်ကြောင့် တခြားလူတစ်ယောက် စိတ်ဒဏ်ရာရစေမယ့်ကိစ္စမျိုး မလုပ်မိစေနဲ့"

ညွန့်ဟန်က ဆရာ့ကိုတစ်လှည့် ရဲထွင့်ကိုတစ်လှည့် ကြည့်လိုက်ရင်း . . .

"ကျွန်တော်တို့က သူများကို ဒုက္ခပေးခွင့်ကို မရသေးပါဘူး ဆရာရယ် . . . ကိုယ်ကချည်းပဲ ခံနေရတာ၊ အခုဆို ရဲထွင့်ကို ရူပဗေဒမေဂျာက ကောင်မလေးတစ်ယောက်က စိတ်ဒဏ်ရာတွေပေးနေတာ။ ဟော့ကောင်... ဟုတ်တယ် မဟုတ်လား၊ မင်းမှာ ဒဏ်ရာတင်မကဘူး၊ ပြည်တောင်တည်ပြီး ရောင်ကိုင်းနေပြီ"

သူ့ပခုံးကို ကိုင်ထားသည့် ညွန့်ဟန်၏လက်ကို ရဲထွင့်က ပုတ်ချလိုက်ရင်း . . .

"သွားစမ်းပါကွာ . . .ဆရာ့ရှေ့မှာ ပေါက်ကရတွေ လှျောက်ပြောမနေနဲ့၊ အဲဒီကောင်မလေးကိစ္စကို ငါက ဘယ်လိုမှတောင် မခံစားရဘူး"

ဆရာက အားပါးတရ ရယ်လိုက်ရင်း . . .

mgyoe.com

mgyoe.com


"အဲဒီလို 'မခံစားရဘူး၊ မခံစားရဘူး'လို့ ပြောပြောနေတာကိုက ခံစားနေရလို့ကွ"

*

သူတို့ ကျွန်တော့်ကို စောင်းပါးရိပ်ခြည် ပြောနေကြခြင်းတော့ မဟုတ်ပါ။ သို့သော် . . . အဲသည်လိုပင် ရည်ရွယ်ပြီး တမင်ပြောနေသယောင် ခံစားရသည်။

နောက်ပြီး . . . အဲသည်တုန်းက ဆရာဦးသန်းဆင့် မတော်တဆ ပြောပြဖြစ်သွားခဲ့သည့် အဖြစ်အပျက်သည် နောင်တစ်ချိန်မှာ ကျွန်တော်နှင့် ကောင်စုတ်မလေးတို့ နှစ်ဦးသားအတွက် နတ်ဆိုးတစ်ပါး၏ ကျိန်စာနိဒါန်း အဖြစ် အရေးကြီးလာလိမ့်မည်မှန်း ကြိုတင်ရိပ်စားမိဖို့ ကောင်းပါသည်။

အခုတော့ . . .

*

တကယ်တော့ . . .

'ခံစားချက်'ဆိုသည်မှာ လူကို အနေရအထိုင်ရခက်စေသော အရာ ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

# အခန်း (၆)

'အချစ်'ဆိုတာ လက်ဆောင်တစ်ခုပါပဲ။
. . .ရယူသူက 'လေးဆ' ပြန်ပေးရတယ်။
(အာရှင်တီးနား စကားပုံ)

mgyoe.com

ကောင်မလေးရေ . . .

နာရီတစ်လုံးကို ယုံကြည်စိတ်ချပုံမျိုးနဲ့ မင်းကို ငါ ယုံကြည်ခဲ့ပါတယ်။

မင်းရဲ့ မျက်လုံးအရောင် . . .မင်းရဲ့ မျက်တောင်အခတ်ကို သင်ကြားတဲ့ မင်းရဲ့စာသင်သားဟာ ငါဖြစ်တယ်။

နောက်ပြီး . . .ငါဟာ မင်းရဲ့ အစေအပါးလည်းဖြစ်ရဲ့။

ငါဟာ . . .မင်းရဲ့ တွန့်တိုကြောင့်ကြတဲ့ ဘဏ္ဍာစိုးလည်း ဖြစ်ရဲ့။

မင်းရဲ့ ရယ်သံလှလှလေးတွေကို အိပ်မက်ထဲအထိ ခိုးဝှက် သယ်ပိုးသွားတတ်တဲ့ သူခိုးတစ်ယောက်လည်း ဖြစ်ခဲ့လေရဲ့ကွယ် . . .

ဘယ်အချိန်ရှိပြီလဲ ? ? ? ငါ့နာရီမှာ လက်တံတစ်ဖက် ပျောက်ဆုံးနေတယ်၊ ငါဟာ . . .ကိုယ်ကိုယ်တိုင် မဖတ်တတ်တဲ့ နာရီ ကို ပတ်ထားခဲ့မိသူပါပဲ။

*

မြက်ခင်းပြင်ပေါ်မှာ မိန်းမတစ်ယောက် စွန်လွှတ်နေသည်။ စိုစွတ်ပါးလွှာသော ကောင်းကင်အပြာရောင် အလင်းနုနု၊ မီးခိုးရောင်မှုန်ရီသော ဂျပ်ဆင်အဆောက်အဦး၊ မိုးတိမ် အဖြူဆွတ်ဆွတ်၊ အုပ်စုဖွဲ့ပျံသန်း သွားကြသော ငှက်ငယ်များ . . .

အားလုံးကို ညှို့စားဖန်ဆင်းနေသည့် နတ်ဘုရားတစ်ပါး၏ တင့်တယ်ကျက်သရေရှိပုံမျိုးဖြင့် . . .

သူမ . . . ရပ်နေသည်။

သူမ၏ လက်ထဲမှ ရစ်ဘီးကို အလိုက်သင့် ဖြေလျှော့ထားသော ကြောင့် မိုးသက်လေထဲတွင် အနီရောင် စက္ကူစွန်ကလေးသည် တစ်ပတ်ချင်း ဝဲလည်နေ၏။ နောက် . . .တဖြည်းဖြည်း တအိအိ နိမ့်ဆင်းလာသည်။

ကောင်မလေးရေ . . .၊ မင်းဟာ ဝတ်မှုန်တွေနဲ့ ထုဆစ်ထားတဲ့ အနူးညံ့အပြေပြစ်ဆုံး သက်ရှိရုပ်တုတစ်ခုပါပဲကွယ် . . .။

*

mgyoe.com

mgyoe.com

သူမရှိရာ ဂျပ်ဆင်ရှေ့မြက်ခင်းအစပ်ဆီ ကျွန်တော် တရွေ့ရွေ့ တိုးကပ်သွားနေမိသည်။

မိန်းမတစ်ယောက် စွန်လွှတ်နေပုံသည် အဲသည်လောက် ကျက်သရေရှိစွာ လှပနေလိမ့်မည်ဟု ကျွန်တော် ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပါ။ အထူးသဖြင့်... ကျွန်တော်၏ ကောင်စုတ်မလေးအတွက်ပေါ့လေ...။

ဒါဟာ သက်ငြိမ်ပန်းချီကားတစ်ချပ်ပါပဲ။ သူမသည် စွန်ကလေးကို ကြိုးမျှင်ဖြင့် ထိန်းချုပ်ထားခြင်းမဟုတ်ဘဲ . . .သူမ၏ စိတ်စူးစိုက်မှုဖြင့် တိုက်ရိုက်ဆက်သွယ် ထိန်းချုပ်နေသည်ဟု အောက်မေ့စရာ ကောင်းနေ၏။

မုတ်သုန်လေစီးကြောင်းထဲတွင် စက္ကူစွန်နီနီကလေးက ဝဲလည်ဝဲလည်ရင်း နိမ့်နိမ့်ဆင်းလာသည်။ ဟော . . .သစ်ပင်ထိပ်ဖျားနဲ့ နီးလာပြီ၊ နီးလာပြီ၊ သစ်ပင်နဲ့ ငြိတော့မယ်။

သူမက ကျင်လည်စွာဖြင့် လက်ထဲမှ ရစ်ဘီးကို ဖျတ်ခနဲ လှည့်လိုက်ရာ စွန်ကလေးက ညွတ်ခနဲဖြစ်သွားပြီး ပြန်ဦးမော့တက်လာ၏။

ကြည့်စမ်း . . . လှပသပ်ရပ်လိုက်ပုံများကွယ်။

ရစ်ဘီးကို တင်းတင်းဆုပ်ကာ တစ်ပတ်ချင်းစွန်ကို ဆွဲယူနေသည့် သူမ၏မျက်နှာကို သတိထားကြည့်မိသည့် တစ်ခဏတွင် ကျွန်တော့်မှာ (ထူးဆန်းစွာဖြင့်) ကြောက်စိတ်တစ်ခု ဖြစ်ပေါ်လာ၏။

*

ကျွန်တော့်မှာ အလိုလို သိနားလည်တတ်သော ခံစားမှုတစ်ခု ပေါ်လာ၏။ အဲသည် စက္ကူစွန်ကလေးသည် သူမ၏ 'ရှင်သန်မှု' ဖြစ်လေသည်။ ဘာကြောင့် အဲသည်လို ခံစားရမှန်း ကျွန်တော် ကိုယ်တိုင်လည်း မပြောတတ်။

"မင်း . . . အဲသည်လောက် ကလေးဆန်တဲ့ အလုပ်မျိုးလုပ်လိမ့်မယ်လို့ ကိုယ် ထင်မထားမိဘူး . . . ရေး (Ray) "

ကျွန်တော်က တမင် ခပ်နှိမ်နှိမ်ပြောလိုက်သည်။ သူမက ကျွန်တော့်ကို မျက်မှောင်ကုတ်၍ ကြည့်သည်။ စွန်လွှတ်တာဟာ ကလေးတွေမှ လုပ်ရတဲ့အလုပ် မဟုတ်ဘူးဟု ပြောချင်သော အကြည့်မှန်း ကျွန်တော် နားလည်

mgyoe.com

mgyoe.com


လိုက်သည်။

သူမက ရစ်ဘီးနှင့်စွန်ကို ဘယ်မှညာသို့ လက်ပြောင်း၍ ကိုင်လိုက်ရင်း . . .

"ကလေးအလုပ်ကို လုပ်ရတာ . . . လွယ်မယ်ထင်နေသလား ကိုငြိမ်းတေဇ"

"လွယ်တာပေါ့"

"ဒါဆိုရင် . . .လူကြီးတွေကို ကြိမ်လုံးနဲ့ရိုက်မယ်၊ ကလေးတွေလို အော်ငိုကြေး"

အား . . . သိပ်တည့်မတတ်တဲ့ပစ်ချက်ပဲ။

ကျွန်တော် ပြုံးမိသည်။ ဟုတ်တာပေါ့ . . . ဟန်ဆောင်ရခြင်း၊ ထိန်းသိမ်းရခြင်းတို့ဖြင့် ဘဝဆိုသည့် ရောဂါကို ရှင်သန်အောင် ဆေးဝါးကုသပေးနေရသော လူကြီးတွေအဖို့ ကလေးတွေလို အော်ငိုနိုင်မည် မဟုတ်ပါ။

"ရှင် ဘာပြုံးတာလဲ"

"မင်းပြောတဲ့ စကားလုံးတွေရဲ့ နောက်ကွယ်က အတွေးတွေကို သဘောကျလို့ . . .။ ဟုတ်တယ် . . . တစ်ခါတစ်ခါ ကိုယ်လည်း လူကြီးအဖြစ်နဲ့နေရတာကို ငြီးငွေ့မုန်းတီးမိသလို ခံစားရတယ်၊ ကလေးဘဝကို ပိုကြိုက်သလိုပဲ"

သူမ မျက်နှာတစ်ချက်ပျက်သွား၏။ သို့သော် . . . ဘာမှ မသိသာလိုက်ခင်မှာပင် နဂိုအတိုင်း မာကျောချွန်ထက်သည့် အမူအရာနှင့် "သူမ" သည် "သူမ"ပြန်ဖြစ်သွားလေသည်။

"ကျွန်မရဲ့ကလေးဘဝကိုတော့ သိပ်ကြိုက်လှတယ် မဟုတ်ပါဘူး၊ အင်း . . . လူကြီးဖြစ်ရတာကိုလည်း မမုန်းတီးပါဘူးလေ . . .

ဒါပေမဲ့ ကျွန်မ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေရဲ့ တွေးပုံခေါ်ပုံတွေ၊ အကျင့်တွေ၊ အပြုအမူတွေကိုလည်း ခံစားကြည့်လို့ မရဘူး။ စိတ်ပျက်တယ် . . .၊ ပြီးတော့ . . .ရယ်ချင်တယ်"

"ဘာဖြစ်လို့လဲ . . .၊ မင်းပတ်ဝန်းကျင်က လူတွေက နားရွက်တွေကို ကုတ်ရင် ခြေထောက်နဲ့ ကုတ်တတ်တဲ့ အကျင့်ရှိလို့များလား" . . .ဟု

mgyoe.com

mgyoe.com

ရယ်စရာပြောလိုက်သည့်အခါ သူမက ပြုံးပြီး . . .

"သူတို့ကို ကြည့်ရတာ 'လူအစစ်'တွေနဲ့ မတူဘူး၊ ပြဇာတ်တစ်ခုမှာ ဝင်ပြီး သရုပ်ဆောင်နေရတဲ့ပုံမျိုးတွေနဲ့ . . .

ဘယ်လိုပြောရမလဲ၊ ဟိုဒင်း . . . တကယ်လိုအပ်တဲ့အတိုင်း စိတ်ပါလက်ပါ လုပ်နေကြတာမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ဇာတ်လိုက်မင်းသားပုံ မပေါက်ပေါက်အောင် လုပ်ပြနေကြတဲ့အတိုင်းပဲ၊ ရှင်ကော အဲဒီလို မခံစားရဘူးလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိ၏။ ဘုရားရေ . . . ဒီမိန်းမကို ဦးညွတ်ချင်စိတ်တွေ ငါ့မှာ များလွန်းနေပြီလား။

"ကျွန်မကတော့ အဲဒီလိုလူမျိုးတွေနဲ့ ဆက်ဆံနေရ၊ စကားပြောနေရပြီဆိုရင် မိနစ်တိုင်းမှာ . . . ကျွန်မစိတ်ထဲကနေ အဲဒီလူရဲ့ပုံပေါ်မှာ နှုတ်ခမ်းမွေးဆွဲကြည့်လိုက်၊ တောင်ရှည်ပုဆိုး ဝတ်ပေးကြည့်လိုက်၊ ဝက်တစ်ကောင်ရဲ့ အမြီးတပ်ကြည့်လိုက် . . . လုပ်နေတတ်တယ်။ ဘဝမှာ အဲဒါပဲ ပျော်စရာရှိတော့တယ်"

သူမ၏ ကစားနည်းကို ကြားလိုက်ရသောကြောင့် နှစ်ခြိုက်သဘောကျစွာ ရယ်မောပါသည်။ သူမလည်း ကျွန်တော်နှင့်အတူ လိုက်ရယ်၏။

စိတ်ချင်းနီးကပ်သလို ခံစားရလေသည်။

အဲဒီကောင်စုတ်မလေးက လောကကြီးကို သရော်တတ်တယ်။

*

"ကိုယ်နဲ့ ဆုံတုန်းကကော . . .အဲသည်လိုပဲလား၊ မင်းစိတ်ထဲကနေ ဘယ်လိုပုံစံနဲ့များ ကျိတ်ပြီး လှောင်နေခဲ့သေးလဲ . . .ပြောပါဦး"

သူမ ပြန်မဖြေဘဲ တိတ်တိတ်ကလေး ပြုံးနေ၏။

ကျွန်တော်တို့နှစ်ယောက်သား ဂျပ်ဆင်အဆောက်အဦနောက်ဘက်မှပတ်ပြီး ရွှေဘိုဆောင်နှင့် ဝိဇ္ဇာခန်းမတို့တစ်လျှောက် ဆက်ထားသောစင်္ကြံအတိုင်း လျှောက်လာခဲ့ကြသည်။ (အဲသည်စင်္ကြံသည် မြန်မာပြည်မှာ အရှည်လျားဆုံးနှင့် အလှပဆုံးစင်္ကြံဖြစ်သည်ဟု သူမဘာသာ တစ်ယောက်

mgyoe.com

mgyoe.com

တည်း ဆုံးဖြတ်ပြီး အမည်ပေးထားသည်ဟု ဆို၏။)

ဂျပ်ဆင်ဘေးက ကြံရည်ဆိုင်တွင် အအေးသောက်နေသူတစ်ဦးက သူမကို လှမ်းနှုတ်ဆက်ပြီး 'သောက်သွားပါဦးလား'ဟု ဖိတ်ခေါ်သည်။ သူမက အသာပင် လက်ခါပြခဲ့၏။ နောက် . . .သူမက ကျွန်တော့်ဘက် လှည့်ပြီး . . .

"ရှင်ကကော . . .ကျွန်မကို စတွေ့ခါစတုန်းက ဘယ်လိုမြင်လဲ"

"ကိုယ်ကတော့ . . . အင်း . . .ရယ်ချင်နေတာပဲ သိတယ်၊ မင်း ဖိနပ်ပြတ်သွားတာကို ကြည့်ပြီးတော့လေ"

"အို . . . ဘာဖြစ်လဲ၊ ဖိနပ်ပဲ . . . ပြတ်တဲ့အခါ ပြတ်မှာပေါ့၊ ရှင် ပြောပုံက ဝေရက်တောင်ကြီး ခဲတံကျိုးသလို ကျိုးသွားတာကျနေတာပဲ။ နောက်ပြီးတော့ . . . ကျွန်မဖိနပ်က ကမ္ဘာအံ့ဖွယ် ခုနစ်ပါးစာရင်းထဲမှာပါတဲ့ ပစ္စည်းမှ မဟုတ်တာ"

"ကိုယ် သတိထားမိသလောက်တော့ များသောအားဖြင့် မိန်းကလေးတွေဟာ အဲသည်လို အခါမျိုးကျရင် 'ဟယ်၊ ဒုက္ခပဲ'တွေ ဘာတွေ အော်ကြဟစ်ကြ၊ ပျာယာခတ်၊ ရှက်ကိုးရှက်ကန်းဖြစ်ကြ . . ."

"သွားစမ်းပါ၊ အဲဒီလို ဘာမှမဟုတ်တဲ့ ကိစ္စလေးတွေနဲ့တောင် အလန့်တကြား အော်ရဟစ်ရတာ သမားရိုးကျမိန်းမတွေရဲ့ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတစ်ခု ဖြစ်နေတဲ့ပုံပဲ . . .

ဖိနပ်ပြတ်ရင် အော်မယ်၊ ချော်လဲရင် အော်မယ်၊ အံ့သြရင် အော်မယ်၊ ခွေးချေးပုံနင်းမိရင် အော်မယ်၊ ကြောက်စရာလန့်စရာနဲ့ ကြုံတဲ့အခါ တကယ်သိပ်မကြောက်လှတာတောင် အော်မယ် . . .

သူတို့မှာ ဖြုန်းခနဲ အော်စရာ၊ ဟစ်စရာကိစ္စတွေ အတော် လုံလုံ လောက်လောက် များများစားစား ရှိတာပဲ"

ဒဿနိကဗေဒ စာသင်ခန်းများရှေ့စင်္ကြံတွင် လူရှင်းနေသည်။ တိတ်ဆိတ်အေးချမ်းမှုကို သိသိသာသာ ခံစားရ၏။ ထုထည်ကြီးမားလှသော စင်္ကြံကာလက်ရန်းများ၊ တိုင်များအားလုံး မိုးရေတစ်ဝက် စိုစွတ်ထားကြ၏။ လှေကားပုပုကလေးပေါ်တွင် အဖျားရှည်ရှည်သွယ်သွယ် ယူကလစ်ရွက်တွေ ကြွေကျစုပုံနေသည်ကို မြင်ရသောအခါ ရှင်သန်ခြင်းဟာ တန်ဖိုး

mgyoe.com

mgyoe.com


နည်းလှချေလား . . . ဟု အောက်မေ့မိသည်။

"ဒါပေမဲ့ . . . ရေး (Ray) ရဲ့၊ လူ့အဖွဲ့အစည်းဆိုတာက ဖွင့်မပြော ဘဲ ကန့်သတ်ထားတဲ့ စည်းကမ်းတွေက အများကြီး၊ မိန်းကလေးဖြစ်ပြီး ဖိနပ်မပါဘဲ လျှောက်သွားတာမျိုးကျတော့ . . ."

"ဒါဖြင့် ကျွန်မ ကင်းမြီးကောက်ထောင်ပြီး သွားမယ်လေ"

သူမက လက်နှစ်ဖက်ကို ရှေ့ကိုင်းပြီး အမူအယာပါ လုပ်ပြလိုက် သေး၏။ ကြည့် . . . သင်းဟာ တဖြည်းဖြည်းနဲ့ ရိုက်နှက်ကန်ကျောက် ပစ်ချင်စရာ ကောင်းလာပြန်ပြီ။

စကြံလမ်းထောင့်ချိုးကို ကွေ့ပြီး ကင်တင်းစားသောက်ဆိုင်တန်း တွေဘက် ဆင်းခဲ့ကြသည်။

"ကိုယ်လုပ်ချင်တိုင်း လျှောက်လုပ်နေလို့ဖြစ်မလား၊ လူတွေနဲ့ ဆက်ဆံရေးဆိုတာကို ထည့်မစဉ်းစားဘူးလား ရေး (Ray)"

မြကျွန်းသာလက်ဖက်ရည်ဆိုင်ရှေ့မှာ အဖြတ်တွင် ရဲထွဋ်နှင့် သူ့ ကောင်မလေး ထမင်းစားနေကြသည်ကို မြင်ရ၏။

"စားသွားပါဦးလား"

ဟု သူတို့က လှမ်းခေါ်သည့်အခါ ရေး (Ray) က စောစောက ဂျင်ဆင်ဘေး ကြံရည်ဆိုင်က လူကို လက်ခါပြခဲ့သည့်အတိုင်း ဂရုမစိုက် စွာ ဖြစ်ကတတ်ဆန်း အမူအရာဖြင့် ငြင်းလိုက်သည်။

ယင်းမာလက်ဖက်ရည်ဆိုင်ကို သွားမလို့ဟု ကျွန်တော်က ဝင် ပြောလိုက်ရ၏။ သည်ဘက်ခြမ်း ကင်တင်းအဆုံးတွင် အိမ်သာ၊ နောက် တစ်ဖက်တွင်မှ ယင်းမာလက်ဖက်ရည်ဆိုင်ကို ရောက်မည်။

သူမက ဆက်လျှောက်လာရင်း ယင်းမာလက်ဖက်ရည်ဆိုင် နား မရောက်ခင်လေးတွင် . . .

"အဲဒီလို . . . တကယ်မလိုအပ်ဘဲနဲ့ အစဉ်အလာအရ 'စား သွားပါဦး'တို့၊ 'သောက်သွားပါဦး'တို့ ဖိတ်တာခေါ်တာတွေကိုလည်း ကျွန်မ သိပ်မုန်းတယ် . . .

ဒါကကော လူ့ဆက်ဆံရေးပဲလား၊ မလုပ်မဖြစ် လိုက်နာရမယ့် စည်းကမ်းပဲလား၊ ပြောပါဦး . . . ကိုငြိမ်းတေဇ"

mgyoe.com

mgyoe.com

"ဟုတ်တယ် . . . ရေး (Ray) "

သူမ ကျွန်တော့်မျက်နှာကို မကျေနပ်သလို တစ်ချက်ကြည့်လိုက်သည်။ နောက် . . .

"ဒါဖြင့် . . . ကိုငြိမ်းတေဇ"

"ဗျာ"

"အိမ်သာတက်သွားပါဦးလား"

ပြောပြီး သူမ အိမ်သာထဲဝင်သွားသည်။

ကျွန်တော် ဒေါသဖြစ်ပြီး ကျန်ရစ်ခဲ့၏။

*

"ရေး (Ray) ဘယ်ရောက်သွားလဲ"

တစ်စုံတစ်ယောက်က ပခုံးကိုလာပုတ်ရင်း မေးသံကြားလိုက်ရသောကြောင့် လှည့်ကြည့်လိုက်ရာ ရဲထွဋ်ကို တွေ့ရ၏။ ကျွန်တော်က ...

"ဟော့ကောင် . . . ဘာဖြစ်လို့လိုက်လာတာလဲ၊ မင်း ကောင်မလေး တစ်ယောက်တည်း ထားပစ်ခဲ့ရလား၊ တော်ကြာ . . . ပြဿနာရှာနေဦးမယ်"

"မထူးပါဘူးကွာ . . . ဒီအတိုင်းပဲ ပြဿနာက တက်နေတာပဲ"

"ဘာဖြစ်နေလို့လဲ"

"သူ့မိဘတွေက သူ့ကို အိမ်ထောင်ချပေးမယ် လုပ်နေတာ . . အဲဒါ . . ."

ရဲထွဋ်၏စကားမဆုံးခင် ကျွန်တော်က ရယ်ပစ်လိုက်ပြီး . . .

"မင်းတို့ဇာတ်လမ်းကြီးကလည်း အပေါ်စားရုပ်ရှင် ဆန်လိုက်တာကွာ၊ နေပါဦး . . . မင်းကောင်မလေးအမေကြီးမှာ နှလုံးရောဂါရှိတယ်လို့ကော ပြောသေးလား"

"လိပ်ခေါင်းရောဂါတော့ ရှိမယ်ထင်တယ်၊ အဲဒီရောဂါမျိုးက သိပ်ဆိုးတာကွ၊ သူများကိုလည်း မပြချင်၊ ကိုယ့်ဘာသာ ကိုယ်လည်း မမြင်ရဘူး" ဟု ရဲထွဋ်က လေသံတိုးတိုးကလေးဖြစ်အောင် တမင်လုပ်ပြောသည်။

ကျွန်တော်တို့နှစ်ယောက်စလုံး ရယ်လိုက်ကြ၏။ ရေး (Ray) ကြောင့် ဖြစ်နေရသော ကျွန်တော့်ဒေါသတွေပင် ပြေလျော့လွင့်ပျက်ကာ

mgyoe.com

mgyoe.com



တစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားရသည်။

သို့သော် . . . ရဲထွဋ်ရှယ်သံက သိပ်လိုက်လိုက်လှဲလှဲ မရှိလှ။ အကျင့်ပါနေသောကြောင့်သာ နောက်ပြောင်နေသည့်တိုင် သူ့ပြဿနာက တကယ်ကို အကျိတ်အခဲဖြစ်နေမှန်း သိသာ၏။ ထို့ကြောင့် . . .ကျွန်တော်က . . .

"မင်း ကောင်မလေး သဘောကကော . . ."

"ပြတ်ပြတ်သားသား မရှိဘူးကွ၊ ငါ့ကောင်မလေးအကြောင်း မင်းလည်း သိသားပဲ . . .တေဇ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်မှ မချနိုင်တာ၊ သူ့အမေအပေါ် မှီတွယ်အားကိုးလွန်းတယ်"

ကျွန်တော် နားလည်စွာဖြင့် ခေါင်းညိတ်လိုက်၏။ ထိုစဉ် . . . ရေး (Ray) ပြန်ထွက်လာသည်။ ရဲထွဋ်က . . .

"ရေး (Ray) စောစောက လူတစ်ယောက် ခင်ဗျားကို လာရှာသွားတယ်၊ နာမည်က . . . စိုင်းကျော်ထူးတဲ့။ ကိစ္စက အရေးကြီးပုံပဲ . . .တော်ကြာနေရင် . . . ဒီဘက်တစ်ခေါက် ပြန်လာရှာဦးမယ်ထင်တယ်၊ စောင့်နေလိုက်ဦး။ အဲဒါ . . . လာပြောတာ၊ သူပြန်လာရင် ခင်ဗျားနဲ့ လွဲသွားမှာစိုးလို့"

ရေး (Ray) တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ အသက်ရှူရပ်ဆိုင်းသွားသည်ဟု ထင်ရ၏။ နောက် . . . သူမ ပါးစပ်က ခပ်တိုးတိုး ဆဲရေးသံကြားရသည်။

ရဲထွဋ်က . . . သွားမယ်၊ ဟိုမှာ ကျွန်တော့်ကောင်မလေး တစ်ယောက်တည်းစောင့်နေရတာ . . . ဟု ပြောပြီး လှည့်ထွက်သွားသည်။ ရေး (Ray) က ဟန်ဆောင်ပန်ဆောင်မျှပင် ပြန်လည်နှုတ်ဆက်လိုက်ဖို့ မေ့လျော့နေပုံရ၏။

တစ်စုံတစ်ရာ မှားယွင်းနေသောအာရုံသည် ကျွန်တော့်ဆီသို့ လွယ်လင့်တကူ ရောက်ရှိလာခဲ့လေသည်။

*

mgyoe.com

mgyoe.com


ယင်းမာလက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြသည်အထိ သူမ နှုတ်ဆိတ်နေဆဲရှိသေးသည်။ သူမကိုကြည့်ရင်း ကျွန်တော့်စိတ်တွေ တစ်ခြမ်းလေးလံကိုက်ခဲနေသလို မသက်မသာ ခံစားနေရ၏။ ဘာလဲ ... ဘာလဲ...၊ မင်း ဘာဖြစ်သွားတာလဲ ကောင်မလေးရယ်။

တိတ်ဆိတ်မှုသည် ရှိသင့်ရှိထိုက်သော အတိုင်းအတာထက် ပိုကြာမြင့်လာနေသည်။

ထိုစဉ် . . .

"ရေး (Ray)၊ ဟာ . . .ရှာလိုက်ရတာကွာ"

အသားဖြူဖြူ၊ အရပ်ပုပု လူရွယ်တစ်ယောက်က သူမကို လှမ်းနှုတ်ဆက်ရင်း ဝင်လာသည်။ စောစောက ပြောတဲ့ စိုင်းကျော်ထူးဆိုတဲ့ လူဖြစ်မယ်ဟု ကျွန်တော် တွက်လိုက်၏။

ရေး (Ray)က ကျွန်တော့်ဘက်ကို တစ်ချက်လှည့်ကြည့်သည်။ အဲသည်အကြည့်ထဲတွင် အဓိပ္ပာယ်က အများကြီး တောက်ပလောင်ကျွမ်းနေမှန်း နားလည်လိုက်ရ၏။

"ဒီမှာ. . . ခဏစောင့်ဦးနော် ကိုငြိမ်းတေဇ. . .။ လာကွာ. . . ကိုထူး၊ ဟိုဘက်က သွားပြောရအောင်"

ခပ်လှမ်းလှမ်းစားပွဲမှာ သူတို့နှစ်ယောက် သွားထိုင်ကြသည်။ ကျွန်တော့်ရင်ထဲမှာ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေ၏။ အို . . .ဘာဆိုင်လို့လဲ၊ သူတို့ကိစ္စနဲ့ သူတို့ပဲ၊ ကျွန်တော့်မှာ တားမြစ်နိုင်သော အခွင့်အရေးမရှိပါ . . .။ မတွေးနဲ့၊ ဒီအကြောင်းကို ခေါင်းထဲက ဖယ်ထုတ်ထားလိုက်ဟု ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးနေဆဲမှာပင် ဖျတ်ခနဲ ဖျတ်ခနဲ တွေးဖြစ်အောင် တွေးမိပြန်သည်။

စိတ်တိုလာ၏။

*

mgyoe.com

mgyoe.com


"တကယ်ပြောတာ . . .၊ နင့်အဖေကို တွေ့ခဲ့ရပါတယ်ဆိုတဲ့လူ ရှိတယ်"

စိုင်းကျော်ထူး၏အသံကို နားစွန်နားဖျား ကြားလိုက်ရသည်။ ကျွန်တော် လှမ်းကြည့်မိတော့ မည်းကဲ့သို့ ဖြစ်သွားပြီးမှ ကိုယ့်စိတ်ကို မနည်း ပြန်တင်းထိန်းချုပ်ထားလိုက်၏။

"တိုးတိုးပြောစမ်းဟာ . . .ကိုထူး၊ အော်ကြီးဟစ်ကျယ် မလုပ်စမ်းနဲ့"

သူမက ကျွန်တော် ကြားသွားမည်ကို စိုးရိမ်ဟန်တူသည်။ (ကျွန်တော်၏ တစ်ဖက်သတ် အထင်လည်း ဖြစ်နိုင်ပါသည်။) နောက် သူတို့ချင်း တိုးတိုး တိုးတိုး ပြောနေကြသည့် စကားသံများကို ကျွန်တော် မကြားရတော့။

*

ကျွန်တော် လှမ်းကြည့်လိုက်သည့်အခါ သူမ၏ မျက်နှာက (စောစောက အမူအရာနှင့် ဆန့်ကျင်စွာ)ဘာကိုမှ ဂရုမထားသည့် ပေါ့တီး ပေါ့ပျက် ဟန်ပန်မျိုးဖြစ်နေပြန်သည်။ ဟန်ဆောင်နေတာလား၊ တကယ် လား ခွဲခြားမရ။

နားလည်ရခက်လှချည်လား ကောင်မလေးရယ်။ စိုင်းကျော်ထူး၏ အသွင်ကတော့ တစ်စုံတစ်ရာကို အလေးအနက်ထား ပြောဆိုနေမှန်း သိသာ၏။ သို့သော် ရေး (Ray) က သူပြောသမျှကို ပြောင်ချော်ချော် လုပ်ပစ်နေသည်။ တစ်ချက် . . .တစ်ချက်တွင် ရယ်မောပစ်လိုက်သည့် သူမ၏ အသံကိုပါ ကြားနေရ၏။

ကျွန်တော့်ရင်ထဲတွင် ရှုပ်ထွေးလာ၏။

စိုင်းကျော်ထူးက စာရွက်အပိုင်းအစတစ်ရွက်ကို သူမဆီ လှမ်း ကမ်းပေးလိုက်သည်။ ရေး (Ray)၏မျက်နှာမှာ စူးရှတင်းမာသော နာကျင်မှု တစ်ခုပေါ်လာ၏။

သူမက ထိုစာရွက်ကို ဖွင့်ကြည့်တော့မလို ငိုင်တွေနေပြီးမှ ရုတ်တရက် ဖျတ်ခနဲ ဆွဲဆုတ်ပြီး လွှင့်ပစ်လိုက်သည်။

အခြေအနေတစ်ခုလုံး ရုတ်ချည်းဆိုးရွားတင်းမာသွား၏။ သူမက မတ်တတ်ထရပ်လိုက်ပြီး . . .

mgyoe.com

"ကိုထူး . . . နင်ပြန်တော့ဟာ"

ပြောပြီး ခပ်အက်အက် ရယ်မောလိုက်သေးသည်။ အားလုံးကို နိဂုံးချုပ်ပေးလိုက်တဲ့ ရယ်သံပါပဲဟု ကျွန်တော် ခံစားရ၏။ နောက်တော့ ကျွန်တော် ထိုင်နေသော စားပွဲဆီ သူမ တရွေ့ရွေ့ ပြန်လျှောက်လာလေသည်။

*

စိုင်းကျော်ထူး ပြန်သွားပြီးသည့်တိုင် ကျွန်တော်တို့နှစ်ယောက် စကားစပြောဖို့ မတတ်နိုင်ကြသေး။ စားပွဲပေါ်မှာ လက်ဖက်ရည်တွေ အေးစက်နေကြပြီ။ ခဏကြာလျှင် ခဲသွားတော့မည်ဟုပင် အောက်မေ့ရ၏။

သူမမျက်နှာမှာ စောစောကလို အရယ်အမောတွေ၊ ပြောင်ချော်ချော် အမူအယာတွေ မတွေ့ရတော့။ မသိမသာ ဆုပ်ထားသော သူမ၏ လက်သီး ဆုပ်တင်းတင်းမို့မို့ကလေးကို ကြည့်ရင်း ကျွန်တော် သက်ပြင်းချမိသည်။ နောက် . . .ကျွန်တော်ကစ၍ . . .

"ရေး (Ray) အဖေ ဘာဖြစ်လို့လဲဟင်"

"ဟင် . . . ဟင့်အင်း ဘာဖြစ်လို့မေးတာလဲ၊ ကျွန်မ ငယ်ငယ်လေး ကတည်းက ဖေဖေ ဆုံးသွားတာ ကိုငြိမ်းတေဇရဲ့"

သူမအသံက ပကတိ ဆိတ်ငြိမ်အေးဆေးနေသည်။

ကျွန်တော် မယုံချင် . . .။ သူမ၏ မျက်ဝန်းနက်နက်တွေထဲ ဟိုး အတွင်းဆုံးထိအောင် ကျွန်တော် စိုက်ကြည့်နေပစ်လိုက်၏။ သူမ အနည်း ငယ် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"အင်း . . .သေသွားပြီလို့ ပြောကြတာပဲလေ၊ သေသေချာချာတော့ ကျွန်မလည်း မသိပါဘူး"

စောစောကစကားကို အနည်းငယ် ပြင်ပြောသည်။ စိုင်းကျော်ထူး နှင့် သူမ ငြင်းကြခုန်ကြသည့် အကြောင်းအရာကို ကျွန်တော် တစ်စွန်းတစ်စ ကြားခဲ့နိုင်လောက်မှန်း သူမ တွက်ဆမိသောကြောင့် ဖြစ်ပေလိမ့်မည်။

ကျွန်တော် ခေါင်းခါလိုက်၏။ ဘာတွေများ လျှို့ဝှက်ချင်နေရတာ လဲ ကောင်မလေးရယ် . . .

mgyoe.com

mgyoe.com


"ကိုယ့်ကို စွန့်လွှတ်တာ သင်ပေးပါလား . . .ရေး (Ray)"

သူမအတွက် အာရုံအပြောင်းအလဲဖြစ်စေရန် သီးခြား အကြောင်းအရာတစ်ခုပြောဖို့ ကျွန်တော် ကြိုးစားလိုက်သည်။

"ဟင် . . . ရှင် စွန့်မလွှတ်တတ်ဘူးလား"

မျှော်လင့်ထားသည့်အတိုင်းပင် ရေး (Ray)အသံက လတ်ဆတ်ပေါ့ပါးလာ၏။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူမက တစ်ခုခု နောက်ပြောင်ကျီစယ်ရန် ဟန်ပြင်လိုက်ပြီးမှ ခဏတွေဝေသွားကာ . . .

"ဒါဆိုလည်း မနက်ဖြန်ကျမှ အင်းလျားကန်ပေါင်ပေါ်သွားပြီး စွန့်လွှတ်ကြတာပေါ့၊ အခုတော့ . . .ကျွန်မ သွားစရာတစ်ခုရှိနေသေးလို့"

ပြောပြောဆိုဆိုနှင့် ထိုင်နေရာမှ ထသည်။

"ဘယ်သွားမလို့လဲ ရေး (Ray)၊ မင်းကို ကိုယ်လိုက်ပို့ခွင့်ရှိလား"

သူမက ခေါင်းကို အသာအယာခါယမ်းပြပြီး လှည့်ထွက်သွား၏။

ရေး (Ray) . . . ဟု ကျွန်တော် စိတ်ထဲမှ လှမ်းခေါ်လိုက်မိသည်။ ဝေးဝေးကွာကွာ ဖြစ်သွားကြသကဲ့သို့ပင် ထင်ရ၏။

❑

mgyoe.com

mgyoe.com

# အခန်း (၇)

'မြင်မြင်ချင်းအချစ် Love at first sight 'ဆိုသည်မှာ အလကား။ ဒုတိယအကြိမ် သို့မဟုတ် တတိယအကြိမ် သို့မဟုတ် အကြိမ် ပေါင်းများစွာ မြင်တွေ့ရပြီးသည်နောက်မှ ချစ်ရခြင်းသည်သာလျှင် ယုံကြည်အားထား လောက်စရာရှိသည့်အကြောင်း လက်ခံဖို့ကောင်းသည့် အချက်အလက်များ ကျွန်တော့်မှာ များစွာရှိပါသည်။ သို့သော် ကျေးဇူးပြု၍ မည်သူ့ကိုမှ သွား မပြောပြလိုက်ပါနှင့်။

မည်သူ့ကိုမှ သွားမပြောပြနှင့်။

အချစ်သည် မျက်စိတစ်ကြည့်၊ လည်ပင်းတစ်လှည့်ဖြင့် ငါ့ နှလုံးသားကို လုယူသွားပြီဖြစ်ကြောင်း မည်သူ့ကိုမှ မပြောပြနှင့်။ ယုံကြည် ရလွန်း၍သာ မှာခဲ့ရပါဦးမည်။ သူမသည် ကျွန်တော် တစ်ဦးတည်း ရှာဖွေ တွေ့ရှိထားသော နက္ခတ်တာရာအသစ်တစ်လုံး ဖြစ်ကြောင်းကိုလည်း ကျေးဇူးပြု၍ မည်သူ့ကိုမှ မပြောပြလိုက်ပါနှင့်။

*

အင်းလျားကန်ရေပြင်ပေါ် ဖြတ်တိုက်လာသည့် မိုးသက်လေပြည် ထဲတွင် ကော်ဖီရနံ့သင်းနေသည်။

"ကလေးအလုပ်ကို လုပ်ရတာ မလွယ်ဘူးမဟုတ်လား ကိုငြိမ်း တေဇ"

mgyoe.com

mgyoe.com


သူမပြုံးပြီး မေးလိုက်ပုံက (ရိသဲ့သဲ့၊ ပြောင်ချော်ချော်သံ ပါနေသောကြောင့်လား မပြောတတ်) ရေခဲမုန့်များဖြင့် ထုဆစ်ပုံဖော်ထားသည့် မကောင်းဆိုးရွားတစ်ကောင်၏ ရုပ်တုဆန်ဆန် အရမ်းချစ်ဖို့ကောင်းလွန်းနေလေသည်။

"အင်း . . . မလွယ်ဘူး"

ကျွန်တော်က ဝန်ခံရင်း လက်ထဲမှ စွန်ရစ်ဘီးကို သူမထံသို့ လှမ်းပေးလိုက်၏။ ဒီတစ်ညနေလုံး ကျွန်တော် စွန်လွှတ်နေသည်မှာ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရှိသေး။

"ရှင်က စွန်လွှတ်တာသင်ပြီး ဘာလုပ်ဦးမလို့လဲ ကိုငြိမ်းတေဇ"

"ကိုယ် . . . မင်းနဲ့ စွန်လွှတ်ပြိုင်မယ်လေ။ စွန်တွေပေါ်မှာ မင်းနာမည်နဲ့ ကိုယ့်နာမည်ရေးပြီး ကောင်းကင်မှာ မျှားကြ၊ တိုက်ခိုက်ကြတာပေါ့၊ ကိုယ် . . . မင်း စွန်ကို ဖြတ်ချမယ်"

"အို . . . ရှင် သိပ်စိတ်ကူးယဉ်တာပဲ၊ ကျွန်မ . . . ရှင့်ကိုတောင် အားနာလာပြီ"

"ဘာဖြစ်လို့လဲ"

"ကျွန်မပဲနိုင်မှာ သေချာနေလို့ပေါ့၊ ကျွန်မတို့မြို့မှာ အပျော်တမ်း လေတံခွန်လွှတ်ကြရင် ကျွန်မကချည်းပဲ သူများစွန်တွေကို ဖြတ်ချခဲ့တာ"

နားစိမ်းသော အခေါ်အဝေါ်တစ်ခုကြောင့် စိတ်ထဲ စနောင့်စနင်း ဖြစ်သွား၏။ ကျွန်တော် ပြန်မေးလိုက်မိသည်။

"ဘာလဲ . . . လေတံခွန်ဆိုတာ"

"ဩော် . . . ကျွန်မတို့ တောင်ကြီးမြို့မှာ စက္ကူစွန်ကို လေတံခွန်လို့ပဲ ခေါ်ကြတယ်"

တောင်ကြီးမြို့ . . .။ အဲဒီမြို့နဲ့ ပတ်သက်ပြီး ငါ့စိတ်ထဲမှာ အမှတ်သညာတစ်ခုခု ရှိနေခဲ့သလိုပဲ . . . ဟု အောက်မေ့မိ၏။

သို့သော် . . . ကျွန်တော့်ဘဝတွင် ထိုမြို့သည် မည်သည့် အစိတ်အပိုင်းကမှ မပါဝင်ခဲ့ဖူးမှန်းလည်း သေချာနေသည်။ မေ့လိုက်တော့၊ တစ်ခုခု အရောရော အထွေးထွေး ဖြစ်နေတာပဲနေမှာပါ။

"အား . . .ဒီအတိုင်းဆို ကိုယ် အပြတ်အသတ် လေ့ကျင့်ရဦးမှာပဲ။

mgyoe.com

mgyoe.com

ကိုယ့်ကို စွန်တွေထပ်ဝယ်ပေးဦး၊ ဒီလောက်တော့ မင်း . . . ကိုယ့်အပေါ် သဘောထားကြီးသင့်ပါတယ်နော်"

စောင်းကြိုးတို့ကို တီးခတ်လိုက်သံမျိုးဖြင့် သူမ လှပစွာ ရယ်မောလေသည်။

"ရပါတယ်၊ ကိုယ့်ကို အနိုင်ယူဖို့ ကြိုးစားမယ့်လူကို ကိုယ်ကပဲ အကူအညီပေးချင်တာ ကျွန်မစိတ်ဓာတ်ပဲ . . . ကိုငြိမ်းတေဇရဲ့"

"အခု . . . မင်းထုံးစံအတိုင်း လှည်းတန်းမှာ လက်ဖက်ရည်ဆိုင် သွားထိုင်မလို့ မဟုတ်လား၊ အဲဒီမှာ စွန်ဝင်ဝယ်ကြတာပေါ့"

အင်းလျားကန်ပေါင်နံဘေးတစ်လျှောက် မြက်ပင်တွေ၊ ရွက်လှပင်ညိုညိုတွေ၊ ပိန်းပင်တွေကြားထဲမှ ဖြတ်ဖောက်ထားသည့် ကျောက်သားလှေကားကလေးအတိုင်း ဆင်းလာခဲ့ကြသည်။ လှေကားထစ်တွေက အပြားကျယ်ကျယ်၊ ပြန့်ပြန့်ပြူးပြူး၊ တချို့နေရာများတွင် ရေညှိစိမ်းစိမ်းကလေးတွေ ပေါက်နေသည်။

"ကျွန်မ အခု လွှတ်နေတဲ့စွန်တွေက ဒဂုံမြောက်ပိုင်းအထိ သွားဝယ်ရတာ . . .၊ အဝေးကြီးပဲ။ ဒီနေ့တော့ အချိန်မရှိတော့ဘူး ကိုငြိမ်းတေဇရဲ့၊ မနက်ဖြန်မှ သွားကြတာပေါ့"

ကျွန်တော် အံ့သြသွားသည်။ ဘာဖြစ်လို့လဲ။ သူမလက်ထဲမှ စွန်ကို ကြည့်လိုက်တော့လည်း ဘာမှ ထူးထူးခြားခြား မရှိဟုပင် ထင်ရ မှတ်ရသည်။ တခြား မြင်နေကျစွန်တွေလိုပါပဲ။ ဆီစိမ်စက္ကူ ချောသပ်ထား သည့် ဝါးကိုင်းသွယ်သွယ်များ၊ ချည်သားဆိုင်းကြိုးများ၊ စက္ကူအောက် ဘက်ထောင့်နားတွင် 'ပေါ်ပြူလာစွန်လုပ်ငန်း'ဟု တံဆိပ်ရိုက်ထားသည် ဒါပါပဲ . . .။

"ဘာဖြစ်လို့ နီးနီးနားနား လှည်းတန်းဈေးက 'မိဘမေတ္တာ'စွန်ဆိုင်မှာ မဝယ်ရတာလဲ"

"ဆိုင်နာမည်ကို မကြိုက်လို့"

လွှတ်ခနဲပြောပြီးမှ သူမဘာသာ သူမ စကားလွန်သွားမှန်း သတိပြုလိုက်မိပုံရသည်။

ကျွန်တော်က . . .

mgyoe.com